# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၇၆)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ ၆-၉-၂၀၂၄၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr.Marcoluigi Corsi အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **သတင်းစဉ်**



## တိုင်ဖွန်းမုန်တိုင်း(ရာဂိ-YAGI)အရှိန်ကြောင့် မိုးကြီးခြင်းနှင့် အတူ လေပြင်းတိုက်ခတ်နိုင်ကြောင်း သတိပေးချက်

**မန္တလေး စက်တင်ဘာ ၅**

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း(ရာဂိ-YAGI)မှ အကြွင်းအကျန်တိမ်တိုက်များနှင့် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်သည့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်း အရှိန်ကြောင့် အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း မိုး/ဇလက ထုတ်ပြန်ထားသည်။

မိုး/ဇလ၏ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ မိုးကြီးမည့် သတိပေးချက်အမှတ်စဉ်(၀၂/၂၀၂၄)ဖြင့် ယင်းကဲ့သို့ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ "ရာဂိလမ်းကြောင်းက စက်တင်ဘာ ၇ ရက် ညနေပိုင်းမှာ ဗီယက်နမ်ကမ်းခြေကို ကျော်ဖြတ်စဉ် တိုင်ဖွန်းမုန်တိုင်းရဲ့ လေတိုက်နှုန်းက တစ်နာရီ မိုင် ၉၀ အထက်ဖြစ်နိုင်တယ်လို့ ခန့်မှန်းထားတယ်။ မူလခန့်မှန်းတဲ့အတိုင်း ရွေ့လျားနေပြီး ရာဂိရဲ့ အကြွင်းအကျန်တိမ်တိုက်များနဲ့ ဘင်္ဂလားပင်လယ်အော်က လေဖိအားနည်းရပ်ဝန်းကြောင့် ဖြစ်ပါတယ်"ဟု မိုး/ဇလ ပညာရှင်တစ်ဦးက ပြောသည်။

အဆိုပါ မိုးလေဝသဖြစ်စဉ်များကြောင့် စက်တင်ဘာ ၈ ရက်မှ ၁၂ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းနှင့် အတူ လေပြင်းတိုက်ခတ်နိုင်ကြောင်း ထုတ်ပြန်ကြေညာချက်တွင် ပါရှိသည်။

**စာမျက်နှာ ၃ သို့** ❁


ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၂၄ ) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ် ၊ စက်တင်ဘာ ၆ ရက်၊ သောကြာနေ့။

မန္တလေး

# ကျန်းမာရေးအတွက် ကွန်ပျူတာနှင့် ဖုန်း အလွန်အကျွံအာရုံစူးစိုက်ခြင်းမှ ရှောင်ရှားပါ

ကမ္ဘာကြီးသည် တစ်ဟုန်ထိုးတိုးတက်လာပြီး ကမ္ဘာ့သမိုင်းသည်လည်း လျင်မြန်စွာ ခုန်ကျော်တိုးတက်ကာ ပြောင်းလဲလာခဲ့သည်။ စက်မှုခေတ်မှတစ်ဆင့် မြေလျှိုးမိုးပျံလေယာဉ်ပျံခေတ်ကို တည်ဆောက်၍ အာကာသကိုလွှမ်းမိုးလာကြသည်။ မှတ်သားစရာ သိပ္ပံနှင့် နည်းပညာအချက်အလက်များသည်လည်း များပြားပြည့်လျှံလာသောကြောင့် လူသားတို့၏ ဦးနှောက်စွမ်းရည်ကို ကျော်လွန်လာခဲ့သည်။ ထို့ကြောင့် လူသားများကိုယ်စား မှတ်သားထိန်းသိမ်းစရာ ကိရိယာတစ်ခု လိုအပ်လာပါသည်။ ထိုကိရိယာသည် လူသားဦးနှောက်ကဲ့သို့သော အပိုင်းအကန့်များဖြင့် တီထွင်ဖန်တီးထားသော ကွန်ပျူတာပင်ဖြစ်သည်။ ကွန်ပျူတာပေါ်လာသောအခါ လူသားတို့၏ သိမှတ်စရာအချက်အလက်တို့ကို လက်ကလေးတစ်ချက်ဖြင့် သိနိုင်၊ မှတ်နိုင်၊ လေ့လာနိုင်သည်။ ကမ္ဘာနှင့်တစ်ဝန်းရှိ သိလိုသည့် အချက်အလက်များကို ကွန်ပျူတာသည် အင်တာနက်မှတစ်ဆင့် ဆက်သွယ်လာခဲ့ကြသည်။

လူသားတို့အတွက် ကွန်ပျူတာသည် ပညာရေးနယ်ပယ်၊ စီမံခန့်ခွဲမှုနယ်ပယ်၊ အုပ်ချုပ်ရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်များသို့ ကျယ်ပြန့်စွာ တိုးတက်ဝင်ရောက်နေရာယူခဲ့ကြသည်။ လူသားတို့၏ နေ့စဉ်ဘဝများတွင် ကွန်ပျူတာသည် မရှိမဖြစ် မပါမဖြစ် နေရာယူလာခဲ့သည်။

ယနေ့ လူသားတိုင်း လက်ကိုင်ဖုန်းများ မရှိမဖြစ်ကိုင်ဆောင်လာကြရာ လက်ကိုင်ဖုန်းများသည်လည်း ကွန်ပျူတာအငယ်စားများပင်ဖြစ်လာသည်။ လက်ကိုင်ဖုန်းများဖြင့် စာပေ၊ ဂီတဖျော်ဖြေတင်ဆက်မှု၊ ဇာတ်လမ်းတွဲများအပါအဝင် ဗဟုသုတမျိုးစုံကို အင်တာနက်ချိတ်ဆက်ကာ ရှာဖွေလေ့လာနိုင်ကြသည်။ ထို့ကြောင့် နေ့စဉ်လုပ်ကိုင်ဆောင်ရွက်မှုနယ်ပယ်တွင် ကွန်ပျူတာနှင့် လက်ကိုင်ဖုန်းတို့သည် တွင်ကျယ်စွာ နေရာယူအသုံးပြုလာခြင်းဖြစ်သည်။

ကွန်ပျူတာနှင့် လက်ကိုင်ဖုန်းအသုံးပြုရာတွင် အလင်းပြန်မျက်နှာပြင်ကို အာရုံစိုက်ကြည့်ရသည့်အတွက် ကျန်းမာရေးကို ထိခိုက်စေပါသည်။ ထို့ကြောင့် ကွန်ပျူတာနှင့် ဖုန်းကို လိုအပ်သည်ထက် ပိုမိုအသုံးပြုပါက ဦးစွာ မျက်လုံးကို ထိခိုက်စေပါသည်။ တစ်ဖန် ကွန်ပျူတာနှင့် ဖုန်းမျက်နှာပြင်ကို စူးစိုက်ကြည့်ရသည့်အတွက် ခန္ဓာကိုယ်သည် တစ်သမတ်တည်း အနေအထားကြောင့် အာရုံကြောဆိုင်ရာရောဂါနှင့် အခြားကျန်းမာရေးဆိုင်ရာ ရောဂါဝေဒနာများကို ခံစားလာရပေသည်။

သို့ဖြစ်ရာ လူသားတို့၏ ခန္ဓာကိုယ်သည် အိပ်၊ ထိုင်၊ လဲ၊ လျှောင်းဟူသော အနေအထားလေးမျိုး မျှတနေမှ ကျန်းမာနိုင်မည်ဖြစ်ရာ ကွန်ပျူတာနှင့် လက်ကိုင်ဖုန်းတို့ကို အလွန်အကျွံအာရုံစူးစိုက်သုံးစွဲခြင်းမှ ရှောင်ရှားနိုင်မှသာ ကျန်းမာရေးနှင့် ညီညွတ်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မြို့နယ်သမဝါယမအသင်းစု၏ (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ



**မန္တလေး စက်တင်ဘာ ၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ် သမဝါယမအသင်းစု၏ (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ မြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးအောင်သူရ၊ မန္တလေးတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းလင်း၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အမှုဆောင်ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလှိုင်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူသန့်က လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် မြို့နယ်သမဝါယမအသင်းစု အမှုဆောင်ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များအား အတွင်းရေးမှူး ဦးမောင်မောင်ကြီးက ဖတ်ကြားတင်သွင်းပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အသင်းစာရင်းစစ် အစီရင်ခံစာကို စာရင်းစစ်အဖွဲ့ဝင် ဦးဘကြည်က ဖတ်ကြားတင်သွင်းသည်။

အစီအစဉ်အရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများနှင့် အမြတ်ခွဲဝေမှုစာရင်းများကို ဦးစီးမှူး ဦးပိုင်ပိုင်စိုးက ဖတ်ကြားတင်သွင်းခြင်း၊ ဖတ်ကြားတင်သွင်းသွားသော ဘဏ္ဍာရေးရှင်းတမ်းများ၊ အမြတ်ခွဲဝေမှုစာရင်းများ၊ အမှုဆောင်လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အသင်းဝင်ကိုယ်စားလှယ်များထံမှ အတည်ပြုချက်ရယူသည်။

ထို့နောက် တက်ရောက်လာသော အသင်းဝင်ကိုယ်စားလှယ်ကြီးများက နားမလည်သည်များကို မေးမြန်းခြင်း၊ အကြံပြုခြင်းနှင့် ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ကြကာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အသင်းဝင်အသင်းများသို့ အစုပေါ်အမြတ်ငွေများပေးအပ်ကြပြီး အောင်မြေသာစံမြို့နယ်အတွင်းရှိ အသင်းဝင်အခြေခံသမဝါယမအသင်းများမှ အသင်းသားများ၏ သား၊ သမီးများထဲတွင် တက္ကသိုလ်ဝင်တန်း ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုချီးမြှင့်ပေးသည်။

အခမ်းအနားသို့ မြို့နယ်သမဝါယမဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ဖြူဖြူသန့်နှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ သမဝါယမအသင်း(၇၆)အသင်းမှ အမှုဆောင်ဒါရိုက်တာများ၊ ဖိတ်ကြားထားသူများနှင့် အသင်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**(အပေါ်ပုံ)(ဝ၉၃)**

# မြန်မာကုမ္ပဏီ ၁၆ဝ၈ ခုမှာ တရုတ်နိုင်ငံ၏ GACC မှတ်ပုံတင်လက်မှတ်ရရှိပြီး ဖြစ်သည်ဟု ဆို

**မန္တလေး စက်တင်ဘာ ၅**

ပြည်တွင်းမှ တရုတ်နိုင်ငံသို့ စားသောက်ကုန်နှင့် သီးနှံများ တင်ပို့ရာ၌ တရုတ်အကောက်ခွန်၊ အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) တွင် မှတ်ပုံတင်ရန်လိုအပ်သဖြင့် စက်တင်ဘာ ၂ ရက်နေ့ထိ မှတ်ပုံတင်လက်မှတ်ရရှိသည့် မြန်မာကုမ္ပဏီပေါင်း ၁၆ဝ၈ ခုရှိပြီဖြစ်သည်။

GACC တွင် မှတ်ပုံတင်ရမည့် အမျိုးအစား ၁၈ ခုရှိပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာမှ စတင်လျှောက်ထားမှတ်ပုံတင်ကြရာ ၂၀၂၄ ခုနှစ် စက်တင်ဘာအထိ ၂ နှစ်တာကာလအတွင်း ၁၆ဝဝ ကျော် လက်မှတ်ရရှိခဲ့သည်ဟု ဆိုသည်။

"တရုတ်ဘက်တင်ပို့မယ်ဆိုရင် GACC မှတ်ပုံတင်ရှိမှ တရားဝင်တင်ပို့လို့ရတယ်။ တရားဝင်တင်ပို့တာမဟုတ်ရင် တရုတ်ဘက်က စစ်ဆေးတွေ့ရှိခဲ့အခါ ဆုံးရှုံးမှုတွေ ရှိလာနိုင်တယ်။ ၂ နှစ်ခွဲကျော်အတွင်း GACC မှာ မှတ်ပုံတင်တာ များလာပြီ"ဟု တရုတ်သို့ သီးနှံများ တင်ပို့သူတစ်ဦးက ပြောသည်။

လက်ရှိအချိန်ထိ GACC မှတ်ပုံတင်ရရှိပြီးသည့် စာရင်းများအရ စိုက်ပျိုးရေးဦးစီးဌာနမှ ကုမ္ပဏီ ၁၄၄၇၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကုမ္ပဏီများနှင့် စက်ရုံ ၁၃၈ ခု၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကုမ္ပဏီ ၁၄ ခု၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကုမ္ပဏီ ၉ ခုတို့ ဖြစ်ပြီး ကုမ္ပဏီများမှ လျှောက်ထားမှုပေါင်း ၃၂၅၃ ခုရှိသည်။

"လျှောက်ထားပြီးတဲ့ Product Item တစ်ခုကို ၅နှစ်ထိ တင်ပို့ခွင့်ရမယ်။ GACC လျှောက်ထားလို့ရတဲ့ သီးနှံတွေထဲမှာ ပြောင်းဆန်၊ လောင်ဂန်သီး၊ မင်းဂွတ်သီး၊ လိုင်ချီး၊ ဖရဲ၊ သခွားမွေး၊ သရက်နဲ့ ကြက်မောက်သီး စတဲ့ အမယ်ပေါင်း (Product Item)၁၈ ခုရှိတယ်"ဟု ဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် ၄င်းတို့နိုင်ငံသို့ တင်သွင်းလာသော စားသောက်ကုန်နှင့် သီးနှံများကို ဘေးကင်းလုံခြုံရေးအတွက် စစ်ဆေးပြီး GACC လက်မှတ်ထုတ်ပေးပြီး ယင်းလက်မှတ်ရရှိသည့် ပို့ကုန်အမယ်များမှာ တရားဝင်တင်ပို့ခွင့်ရရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

# ကျောက်ဆည်မြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းနှင့် တွဲဖက်ပြီး တစ်နိုင်တစ်ပိုင် ဆိတ်မွေးသူများ အပိုဝင်ငွေတိုးပွား

**ကျောက်ဆည် စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်သော်လည်း မွေးမြူရေးလုပ်ငန်းစိတ်ပါဝင်စားသည့် ပြည်သူများနှင့် တောင်သူအချို့သည် ကြက်၊ ဝက်၊ ဆိတ်များ မွေးမြူကြရာ အရှေ့ရပ်ပြားတောကျေးရွာမှ တောင်သူများအချို့သည် စိုက်ပျိုးရေးလုပ်ငန်းနှင့် တွဲဖက်ပြီး တစ်နိုင်တစ်ပိုင် ဆိတ်မွေးသူများ အပိုဝင်ငွေတိုးပွားပြီး အဆင်ပြေလျက်ရှိသည်။

ဆိတ်မွေးမြူရေးလုပ်ငန်းသည် သဘာဝအလျောက် နံနက်တစ်ကြိမ်၊ ညနေ တစ်ကြိမ်၊ တော၊ တောင်၊ လယ်ကွင်းအလွတ်များနှင့် ချုံနွယ်သစ်ပင်များရှိသည့် နေရာများတွင် လွှတ်ကျောင်းရုံဖြင့် အောင်မြင်ဖြစ်ထွန်းသည့်အတွက် အစာစရိတ်သက်သာကြောင်း၊ ဆိတ်မတစ်ကောင်သည် သက်တမ်း (၁၃)လကျော်ပါက အရွယ်ရောက်ဆိတ်မတစ်ကောင်ဖြစ်လာပြီး စတင်မွေးဖွားကြောင်း၊ မွေးဖွားရာတွင် တစ်ကောင်မွေးခြင်း၊ နှစ်ကောင် (အမြွှာ)မွေးခြင်းများရှိကြောင်း၊ ရောဂါကျရောက်မှုနည်းပါးပြီး (၂)နှစ်လျှင် (၃)ကြိမ် ပုံမှန်သားပေါက်သောကြောင့် တွက်ခြေကိုက်ကြောင်း၊ တစ်နိုင်တစ်ပိုင် မွေးမြူနိုင်ပြီး လွယ်ကူသည့် စီးပွားဖြစ်သောကြောင့် မွေးမြူသင့်သော လုပ်ငန်းဖြစ်ကြောင်း ဆိတ်မွေးသူများ ပြောပြ၍ သိရသည်။

ဆိတ်မွေးမြူရေးလုပ်ငန်းသည် ဆိတ်များကို ရောင်းချ၍ ဝင်ငွေများရရှိသည့်အပြင် ဆိတ်များမှ ရရှိသောချေးများသည် တောင်သူများနှင့် သီးပင်စားပင်စိုက်ပျိုးသူများက သဘာဝမြေသြဇာအဖြစ် အလေးထားဝယ်ယူသုံးစွဲသည့်အတွက် ဈေးကောင်းရရှိပြီး ဝင်ငွေကောင်းသည့် မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်မှလည်း ဆိတ်မွေးမြူရေးလုပ်ကိုင်သည့် ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**(၄၈၅)**

ဝ-ဝ-ဝ-ဝ-ဝ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(ဝ၁ဝ၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (ဝ၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ဝ၂-၂၈၄၇၃၉၈၊ ဝ၂-၂၈၃၂ဝဝ၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-ဝ၂-၄ဝ၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် ဗီယက်နမ်အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးအရာရှိချုပ် Senior Lieutenant General Nguyen Tan Cuong တို့ တွေ့ဆုံဆွေးနွေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Vong Pisen တို့ တွေ့ဆုံဆွေးနွေးစဉ်။

☆ စာမျက်နှာ ၂၄ မှ

ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာန အကြီးအကဲက တည်ခင်းဧည့်ခံသည့် (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ အစည်းအဝေး အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

**ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်ခဲ့**

အလားတူ စက်တင်ဘာ ၃ ရက်တွင် အဆိုပါ ဟိုတယ်၌ ပြုလုပ်ခဲ့သည့် (၁၄)ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေး မှူးချုပ်များ အစည်းအဝေး 14th ASEAN Military Operations Meeting (14th AMOM) အစည်းအဝေးသို့ မြန်မာ့တပ်မတော်မှ စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များကလည်းကောင်း၊ (၂၁)ကြိမ်မြောက် အာဆီယံ တပ်မတော် ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (21st ASEAN Military Intelligence Meeting– 21st AMIM)သို့ မြန်မာ့တပ်မတော်မှ ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မင်းသူနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များကလည်းကောင်း ပါဝင်တက်ရောက်၍ အာဆီယံတပ်မတော်များအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်မြှင့်တင် ဆောင်ရွက်ရေး ကတိကဝတ်များအား ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်







## အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ၏ ဆဋ္ဌမအကြိမ် အစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၅

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ ဆဋ္ဌမအကြိမ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ-၂ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများ၊ ဥပဒေရေးဆွဲရေးအဖွဲ့ငယ် အဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက အမျိုးသားမြေဥပဒေကို ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရေး၊ မြေစီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်းသော တည်ဆဲဥပဒေများကို လွှမ်းခြုံသက်ရောက်မှုရှိပြီး ဥပဒေအချင်းချင်း သဟဇာတဖြစ်စေရေးကို အလေးထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အမျိုးသားမြေအသုံးချမှုကောင်စီက သတ်မှတ်ပေးထားသည့်ကာလ(Timeline) အတွင်း အမျိုးသားမြေဥပဒေမူကြမ်းကို ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့အကျိုးပြုနိုင်မည့် လက်တွေ့ကျသည့်မူဝါဒ၊ တရားမျှတမှုရှိသည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စီမံခန့်ခွဲမှုပုံစံများ ဖြစ်လာစေရန်အတွက် မြေယာစီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသော လက်ရှိဥပဒေများကို လေ့လာဆန်းစစ်ပြီး အဆိုပါဥပဒေများကို လွှမ်းခြုံသည့် သဟဇာတဖြစ်စေမည့် အမျိုးသားမြေဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးသည် အရေးကြီးဆုံးတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ အနာဂတ်တွင် စနစ်ကျ၍ ကောင်းမွန်သော မြေယာစီမံခန့်ခွဲမှုစနစ်များ ပေါ်ထွန်းလာစေရန် အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ ပီပြင်ခိုင်မာစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အမျိုးသားမြေဥပဒေကို လက်တွေ့ကျပြီး ပိုမိုထိရောက်စွာ ရေးဆွဲနိုင်ရေးအတွက် မြေယာစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေရန် သက်ဆိုင်ရာဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးက အမျိုးသားမြေဥပဒေမူကြမ်း၏ အခန်း(၉)မှ (၁၆) အထိ ကနဦးရေးသားထားမှုနှင့် အဖွဲ့ဝင်များ၏ အကြံပြုချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပဏာမမူကြမ်းအဖြစ် အတည်ပြုနိုင်ရေးအတွက် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် အသေးစိတ် ဝိုင်းဝန်းဆွေးနွေးကြသည်။

အမျိုးသားမြေဥပဒေရေးဆွဲရေးနှင့်ပတ်သက်၍ ဥပဒေမူကြမ်း၏ အခန်း(၁)မှ (၈)အထိကို ပြီးခဲ့သည့် အစည်းအဝေးတွင် ဆွေးနွေးခဲ့ပြီး ပဏာမမူကြမ်းအဖြစ် အတည်ပြုထားပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

### ☸ ရှေ့ဖုံးမှ

"လေဖိအားနည်းရပ်ဝန်းက မြောက်ဘက်ကို တဖြည်းဖြည်းရွေ့လျားနိုင်ပြီး ၇၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ဆက်စပ်လျက်ရှိတဲ့ အိန္ဒိယနိုင်ငံအနောက်ပိုင်း၊ ဘင်္ဂလားပြည်နယ်ကမ်းခြေမှာ မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်ပါတယ်။ မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်အရ မကွေးတိုင်းဒေသကြီးနဲ့ ကယားပြည်နယ်မှာ နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ နေရာကျဲကျဲ၊ ချင်းပြည်နယ်မှာ နေရာစိပ်စိပ်နဲ့ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်တယ်"ဟု ဆက်လက်ပြောကြားသည်။

စက်တင်ဘာ ၈ ရက်မှ ၁၂ ရက်အတွင်း ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ၂၄ နာရီအတွင်း မိုးရေချိန် ၅၀ မီလီမီတာမှ ၇၅ မီလီမီတာခန့် မိုးရွာသွန်းနိုင်ပြီး ကျန်ဒေသများ၌ နေ့စဉ်မိုးအသင့်အတင့်ရွာမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ(၄/၂၀၂၄)အစည်းအဝေးသို့ တက်ရောက်

**မန္တလေး စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(၄/၂၀၂၄) အစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ဌာနများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် နိုင်ငံ့စီးပွား မြှင့်တင်ရေးကဏ္ဍများတွင် ကုန်ထုတ်စွမ်းအားမြှင့်တင်ရေးနှင့် စိုက်ပျိုးမွေးမြူရေး အခြေခံရင်းနှီးမြှုပ်နှံမှုများ၏ အခန်းကဏ္ဍသည် အဓိကကျပါကြောင်း၊ နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုနိုင်သည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်ခြင်း၊ ရှိရင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် အတည်ပြုမိန့် လျှောက်ထားလာသော လုပ်ငန်းလေးခု၊ ရင်းနှီးမြှုပ်နှံသူအမည်ပြောင်းတင်ပြလာသော လုပ်ငန်းတစ်ခု၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားပြောင်း တင်ပြလာသော လုပ်ငန်းတစ်ခု တို့ကို တင်ပြလာသည်ကို တွေ့ရှိရပါကြောင်း၊ လုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်ဆန်သွက်လက်စွာ စိစစ်ခွင့်ပြုချထားပေးလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလျှောက်ထားလာသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ကြုံတွေ့နေရသည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာမင်းဇော်ဦးက တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေရရှိရေးနှင့် သီးနှံအထွက်နှုန်းကောင်းမွန်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်း မိုးစပါးမျိုးသစ်နှင့် မိုးချည်မျှင်ရှည်ဝါစိုက်ခင်းများ၊ ရေလွှဲဆည်နှင့် ရေလှောင်တမံများ၏ အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သင်ပန်းကုန်းကျေးရွာအုပ်စု တောင်သူဦးမောင်မောင်နိုင်၏အရည်အသွေးကောင်း အထွက်ကောင်း မိုးစပါးမျိုးသစ် (YSR-1)စံပြကွက် ဧက ၄၀ စိုက်ခင်း၊ ဘွက်ကျေးရွာအုပ်စု သိမ်ကုန်းရှေ့တန်းစခန်းအနီးရှိ တောင်သူဒေါ်ဖြူဖြူဝင်း စိုက်ပျိုးထားသော မိုးချည်မျှင်ရှည်ဝါ(B-31) စိုက်ခင်းနှင့် ကျိုးနီကန်အတွင်းသို့ စီးဝင်လျက်ရှိသည့် ရေဝင်ချောင်းတို့ကို ကွင်းဆင်းကြည့်ရှုပြီး သီးနှံပုံစံအလိုက် မြေနေရာရွေးချယ်ရာတွင် ဒေသရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီမှုရှိစေရေး၊ ပန်းတိုင်အထွက်ရရှိရေးနှင့် သီးထပ်စွမ်းအား မြှင့်တင်နိုင်ရေးအတွက် ဒေသခံတောင်သူများနှင့် သက်ဆိုင်ရာဦးစီးဌာနများ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပျော်ဘွယ်မြို့နယ် ချောင်းမကြီးရေလှောင်တမံ၏ တောတွင်လှရေလွှဲဆည် ထိန်းသိမ်းထားရှိမှု၊ ချောင်းမကြီး ဆည်ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် မိုးစပါးရေပေးဝေမှု အခြေအနေများကိုလည်းကောင်း၊ ချောင်းကောက်ရေလှောင်တမံ၏ ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ မိုးစပါးရေပေးဝေနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ရေသောက်ဧရိယာများတွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေး၊ ရေလွှဲဆည်နှင့် တမံအတွင်း ရေဝင်ရောက်မှုအပေါ် မူတည်၍ စိုက်ဧကတိုးတက် လျာထားနိုင်ရေး၊ မြောင်းရင်းမှ တစ်ကွင်းတစ်စပ်တည်းစိုက်ပျိုးနိုင်ရေး၊ ရေမြေသဘာဝနှင့် ကိုက်ညီသော သီးနှံပုံစံပြောင်းလဲစိုက်ပျိုးနိုင်ရေးလုပ်ငန်းများကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။



ထို့နောက် ချောင်းကောက်ရေလှောင်တမံမှ မိတ္ထီလာကန်သို့ ရေပေးသွင်းသည့် ဆက်သွယ်မြောင်းနှင့် ဆက်သွယ်မြောင်းတစ်လျှောက်ရှိ လွန်ငင်ရေလှောင်တမံ၊ လက်ခုပ်ပင် ရေလှောင်တမံနှင့် ညောင်ကုန်း ရေလှောင်တမံတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် Naypyitaw State Academy တို့ ပူးပေါင်း၍ "လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ" လူငယ်စကားဝိုင်း ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ Naypyitaw State Academy တို့ ပူးပေါင်း၍ ကျင်းပသည့် "လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ"လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်းတွင် Naypyitaw State Academy အစည်းအဝေးခန်းမ၌ ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုး၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုလွင်၊ ကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ Naypyitaw State Academy မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကျောင်းသားကျောင်းသူများတက်ရောက်ကြသည်။



အခမ်းအနားတွင် ကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက လူငယ်များသည် အနာဂတ်နိုင်ငံတော်၏ခေါင်းဆောင်များဖြစ်ကြောင်း၊ ကျင့်ဝတ်နှင့်ညီသည့် ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်လာရန်အတွက် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှုကို အခြေပြုရန် လိုအပ်ကြောင်း၊ လူငယ်များသည် ပြဿနာများကို ဖြေရှင်းရာတွင် တီထွင်ဖန်တီးနိုင်စွမ်းရှိကြကြောင်း၊ လူငယ်များအနေဖြင့် ဆန်းသစ်သည့် အတွေးအခေါ်များနှင့် ခေတ်မီနည်းပညာအသစ်များကို ကောင်းမွန်စွာအသုံးချ၍ အဂတိလိုက်စားမှုပုံစံအမျိုးမျိုးကို ပိုမိုထိရောက်စွာ တိုက်ဖျက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ အဂတိလိုက်စားမှုကိုတွန်းလှန်တိုက်ဖျက်ရာ၌ ဖြောင့်မတ်တည်ကြည်မှုကို အခြေခံသော Integrity Pact များ ဖြစ်ပေါ်လာစေရန် နိုင်ငံသားတိုင်းက ကျင့်ဝတ်များကို ကိုယ်စီစောင့်ထိန်းလိုက်နာကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် "လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ"ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး Naypyitaw State Academy မှ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသား ကျောင်းသူများက ရှင်းနှီးပွင့်လင်းစွာ ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အုပ်စု(ခ) နောက်ဆုံးပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၅

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်အတွက် အဓိက စွမ်းအားစုဖြစ်သည့် ကျောင်းသား ကျောင်းသူ လူငယ်များကိုအားကစားကဏ္ဍအပါအဝင် ဘက်စုံ၊ ကဏ္ဍစုံတွင် နိုင်ငံ၏ သားကောင်း သမီးကောင်းများ ဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပသည့် ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ၏ အုပ်စု(ခ) နောက်ဆုံးပွဲစဉ်များကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။





ကွင်းအမှတ်(၁)တွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့်ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အဆိုပါအသင်းများ ယှဉ်ပြိုင်ကစားနေမှုကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)မှ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ အုပ်စု(ခ)မှ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ ပညာရေးဝန်ကြီးဌာနအသင်းတို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ကြပြီး အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၇ ရက် နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ပထမပွဲစဉ်အဖြစ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ ဒုတိယပွဲစဉ်အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများ လာရောက် ဂုဏ်ပြုပေးအပ်

နေပြည်တော် စက်တင်ဘာ ၅

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ စက်တင်ဘာ ၄ ရက်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများ ဂုဏ်ပြုပေးအပ်ခြင်းကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကျော်စွာဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဝန်ထမ်းမိသားစုများက လှူဒါန်းသည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၈၃ သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာနှင့် ပစ္စည်းများကို ရှေ့တန်းစစ်မျက်နှာများတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချွံချွံ တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မြန်မာစာရေးဆရာအဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ




ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) ဦးဆောင်သော မြန်မာစာရေးဆရာအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုသံရုံး၏ ဖိတ်ကြားချက်အရ စာပေဖလှယ်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေး၊ နှစ်နိုင်ငံ၏ စာကောင်းပေမွန်များ အပြန်အလှန် ဘာသာပြန်ထုတ်ဝေနိုင်ရေးကိစ္စရပ်များ ဆွေးနွေးရန်နှင့် လေ့လာရေးခရီးသွားရောက်ရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စက်တင်ဘာ ၅ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**အဖွဲ့ဝင် ၁၀ ဦး ပါဝင်**

အဆိုပါစာရေးဆရာအဖွဲ့တွင် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာပေဆု၊ တပ်မတော်နေ့အထိမ်းအမှတ်ပြိုင်ပွဲစာပေဆု၊ မဲခေါင်စာပေဆုရ စာရေးဆရာ ဆရာမများ၊ ဘာသာပြန်စာရေးဆရာများ၊ ပုံနှိပ်ထုတ်ဝေသူများနှင့် မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌများ အစရှိသည့် အဖွဲ့ဝင် ၁၀ ဦး ပါဝင်သည်။

**ပို့ဆောင်နှုတ်ဆက်**

ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) ဦးဆောင်သည့် စာရေးဆရာကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးများက လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နတ်မောက်မြို့နယ်တွင် စိုက်ပျိုးထားသည့် ၆၉၂ နှင့် ၇၇၇ ငရုတ်မျိုးများ အောင်မြင်ဖြစ်ထွန်း လျက်ရှိ

**နတ်မောက် စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ကျေးရွာများရှိ စိုက်ပျိုးရေးတောင်သူများသည် ဈေးကွက်တွင် ရောင်းအားကောင်းသည့် ၆၉၂ ငရုတ်မျိုးနှင့် ၇၇၇ ငရုတ်မျိုးများကို ဖွန်လနောက်ဆုံးပတ်က စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

၂၀၂၄ မိုးရာသီတွင် စိုက်ပျိုးရန်အတွက် အဆိုပါ ၆၉၂ နှင့် ၇၇၇ ငရုတ်မျိုးစေ့များကို စိုက်ပျိုးရေးကုမ္ပဏီများထံက ပါကင်အိတ်များဖြင့် ဝယ်ယူကာ ပလတ်စတစ်အိတ်ဖြင့် ပျိုးထောင်ခဲ့ရကြောင်း၊ ပလတ်စတစ်အိတ်တွင် ထည့်ထားသည့် ငရုတ်မျိုးစေ့များ အပင်ပေါက်နှုန်းကောင်းမွန်ရန်အတွက် နေ့စဉ်ရေဖျန်းပုံးများဖြင့် ပျိုးအိတ်များကို ရေလောင်းပေးခြင်း၊ ပျိုးပေါင်ပေါ်တွင် အစိမ်းအကျဲစများဖြင့် အမိုးမိုးပေးရကြောင်း၊ သကြိန်အပြီး ပျိုးထောင်ထားသည့် ပျိုးပင်များကို ဖွန်လနောက်ဆုံးပတ်မှစ၍ စိုက်ခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးခဲ့ကြောင်း ငရုတ်စိုက်သူ န/ လက်ခုပ်ပင်ကျေးရွာမှ မသီတာအေးက ပြောသည်။

စိုက်ပျိုးပြီး ငရုတ်စိုက်ခင်းများကို ပေါင်းမြက်ရှင်းလင်းခြင်း၊ မြေပွစေရန် ကျောင်းလိုက်ခြင်းနှင့် ထွန်တုံးတိုက်ခြင်း၊ အားဆေးနှင့် ပိုးသတ်ဆေးဖျန်းပေးခြင်းများ ဆောင်ရွက်သဖြင့် ယခုအခါ ငရုတ်ပင်များ ရှင်သန်ဖွံ့ဖြိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ယခင်နှစ်က ငရုတ်သီးအစိမ်းအစိတစ်ပိဿာ ၁၅၀၀ ကျပ်နှုန်းရောင်းချခဲ့ရပြီး ယခုနှစ်အတွက် ငရုတ်သီးဈေးကွက်ကောင်းမွန် မည်ဟုမျှော်လင့်ကြောင်း ငရုတ်ပင်များ အသီးအားကောင်းလျက်ရှိကြောင်း ဒေသခံတောင်သူများထံက သိရသည်။ **(မှူမှူစန်း)**

# သည်းမခံခြင်း၏ အပြစ်နှင့် သည်းခံခြင်း၏ အကျိုး

ဆောင်းနှေလယ်ခင်း၏ အေးမြသော အလင်းရောင်နှင့်အတူ အင်္ဂုတ္တရနိကာယ်ပါဠိတော် စာအုပ်ကိုဖွင့်ပြီးလျှင် မြတ်စွာဘုရား၏ ပဉ္စမအက္ကုဿုတ်ဒေသနာအကြောင်းကို မိမိသည် ပထမဦးစွာဖတ်ပါ၏။ ဒုတိယအနေနှင့် ရေးသားမည်။

ဤသို့ မိမိ၏စိတ် ဆုံးဖြတ်ပြီးသည်နှင့် မိမိသည် စာဖတ်ခြင်း၊ စာရေးခြင်းပြုလေသောအခါ မိမိမှာ ယီးတီးယားတားစိတ် မဖြစ်မူ၍ မီးရထားစက်ခေါင်းခုတ်မောင်းသောအခါ နောက်ပါရထားတွဲတွေ အလိုအလျောက်လိုက်ပါလာသကဲ့သို့ စိတ်ချမ်းမြေ့ခြင်း၊ နှစ်သက်ကြည်နူးခြင်း အညွန့်အတက်တွေ ထွက်လာကြ၏။

**သည်းမခံခြင်း၌ အပြစ်**

မြတ်စွာဘုရားသည် သည်းမခံခြင်း၌ အပြစ် (၅)မျိုးကို ဟောမိန့်ပါ၏။

**ဗဟုနော ဇနဿ အပ္ပိယော ဟောတိ အမနာပေါ**။ သည်းမခံတဲ့အခါ များစွာသော လူအပေါင်း၏ ချစ်ခင်မှုမရဘဲ မုန်းတီးခြင်း၊ မနှစ်သက်ခြင်း ဖြစ်တတ်ပါ၏။

**ဝေရမဟုလောစဟောတိ**။

ဒုတိယအပြစ်မှာတော့ - ရန်များတတ်သူဖြစ်တတ်ကြောင်း။

**ဝဇ္ဇဗဟုလောခ ဟောတိ**။

အကုသိုလ်အပြစ်တွေ များစွာဖြစ်ကြောင်းကို သည်းမခံခြင်း၌ တတိယအချက်အနေနှင့် ဟောမိန့်ထားပါသည်။

သည်းမခံခြင်း၌ စတုတ္ထအပြစ်မှာ - **သမ္မူဠှော ကာလံကရောတိ**။ တွေဝေစွာ သေရတတ်သည်တဲ့။ မြတ်ဘုရားမိန့်၏။

နောက်ဆုံးအပြစ်ကတော့ - **ကာယဿ ဘေဒါပရံမရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ**။

သည်ဘဝ သည်ကိုယ်ခန္ဓာ ပျက်စီးပြီးနောင်ကာလမှာ ချမ်းသာသုခ ကင်းဝေးတဲ့ မကောင်းတဲ့ ဘုံဘဝကို ရောက်တတ်သည်ဟု မြတ်စွာဘုရား မိန့်ကြား၏။

**သည်းခံခြင်း၏ အကျိုး**

မြတ်စွာဘုရားသည် သည်းခံခြင်း၏ အကျိုး (၅)မျိုးကို မိန့်ဆိုတော်မူ၏။

၁။ **ဗဟုနော ဇနဿ ပိယော ဟောတိ မနာပေါ**။ များစွာသော လူအပေါင်း၏ ချစ်ခင်မှု နှစ်သက်မှုကို ရတတ်၏။

၂။ **ဝေရ မဟုလော ဟောတိ** - ရန်သူများစွာနဲ့ မတွေ့မကြုံပါဘူး။

၃။ **န ဝဇ္ဇမဟုလော** - အပြစ်ကင်းတဲ့ ကုသိုလ်တွေ များစွာ ဖြစ်ပေါ်နေ၏။

၄။ **အသမ္မူဠှော ကာလံ ကရောတိ**- သေခြင်းတရားနဲ့ ရင်ဆိုင်ရတဲ့အခါ မတွေဝေဘဲ အဆင်သင့်စွာ ပြုံးရွှင်စွာ သေတတ်၏။

၅။ **ကာယဿ ဘေဒါပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ**။

သည်ဘဝ သည်ခန္ဓာ၏ ပျက်ဆုံးသည်၏ နောင်ဘဝမှာ လူ့ပြည်နတ်ရွာ နိဗ္ဗာန်တိုင် ရောက်တတ်၊ ကြုံတတ်၏။

သည်းခံခြင်း အယူဝါဒကျင့်သုံး၍ မြတ်စွာဘုရား၏ ခန္တီဝါဒီရသေ့ဘဝကို ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုမှာ လေ့လာမှတ်သားရပါသည်။

တစ်ခုသောဘဝမှာ ဘုရားလောင်းသည် ကုဏ္ဍလဆိုသူ ပုဏ္ဏားလူငယ်တစ်ဦးအနေနှင့် တက္ကသိုလ်ပညာသင်ယူတတ်မြောက်သူပီပီ

---

**ခန္တီဝါဒရဲ့ အဓိပ္ပာယ်ကကော ဘာသဘောလဲ၊ ရက်စက်ကြမ်းကြုတ်မှုတွေ ကြုံလာတဲ့အခါ အလိုမကျမှု အမျက်မထွက်၊ မေတ္တာရေချမ်း သွန်းဖျန်းနေတာမျိုးကို ဆိုလိုတာပါ။**

---

သူ့မိသူ့ဖတို့ တမလွန်ဘဝသို့ယူ၍ မသွားနိုင်တဲ့ ငွေကြေးကုဋေ ၈၀ တို့ကို အလှူဒါနပြု၍ မဟာကုသိုလ်ဥစ္စာရိက္ခာ၏တန်ဖိုးကို ဘုရားလောင်း ကုဏ္ဍလ လူငယ်၏စိတ်အကြံတွင် နှစ်လိုအားရ ဝမ်းမြောက်လျက်ရှိ၏။

ထိုဘုရားလောင်းလူငယ်သည် ခန္တီဝါဒီရသေ့အဖြစ်နှင့် ဗာရာဏသီပြည်ရှိ မင်း၏ဥယျာဉ်တွင် သူ့ဘဝ၊ သူ့ခန္ဓာ အစားအစာ လွယ်ကူစွာရရှိရန် နေထိုင်၏။

နက်ဖြန် နေအရဏ်တက်သည်နှင့် စစ်သူကြီး၏ အိမ်တံခါး၌ ဆွမ်းခံရပ်စဉ် ကြည်ညိုသောကြောင့် ရသေ့အား စစ်သူကြီးက အိမ်သို့ ပင့်လိုက်၍ ဆွမ်းအာဟာရ ချိုချဉ်အရသာ လှူဒါန်းလိုက်သည်။ မင်း၏ဥယျာဉ်တွင် ရသေ့သည် သီတင်းသုံးနေလေသည်။

တစ်နေ့သောအခါ ဥယျာဉ်အတွင်းရှိ မင်္ဂလာကျောက်ဖျာ၌ ကလာဗုမင်းသည် အရက်စည်းစိမ်နှင့် မူးယစ်လျက် ကချေသည်တို့လည်း သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကခုန်ခြင်းဖြင့် ဖျော်ဖြေမှုပြုကြစဉ် ကလာဗုမင်း၏ ချစ်လှစွာသော ကချေသည်တစ်ယောက်၏ ရင်ခွင်၌ အိပ်ပျော်သွား၏။

ထိုအခါ ကချေသည်တို့သည် ပန်းပင်၊ ပန်းခက်၊ သစ်ပင်၊ သစ်ခက်၊ အညွန့်၊ အပွင့်တို့၏ ဖြူပြာနီဝါအရောင်အသွေးနှင့် လှပသောပုံကို လှည့်လည်ကြည့်ရှုရင်း ဥယျာဉ်၏ တစ်နေရာ တရားဓမ္မနှင့် မွေ့လျော်နေသော ရသေ့အနား ချဉ်းကပ်လျက် တရားဒေသနာ ဟောကြားပါရန် လျှောက်ထားတောင်းပန်သည်နှင့် ရသေ့သည် ကချေသည်မိန်းမတို့အား ဒေသနာတရား ဟောကြားလေ၏။

ကလာဗုမင်းလည်း သူချစ်ခင်နှစ်သက်တဲ့ မိန်းမ၏ရင်ခွင်၌ အိပ်ပျော်နေရာမှ အချိန်ကြာမြင့်သောအခါ ကိုယ်ကာယနာကျင်မှု၊ ဆင်းရဲမှုဝေဒနာကြောင့် ထိုမိန်းမက ကလာဗုမင်း၏ ကိုယ်ကိုလှုပ်ကာ နှိုးလိုက်၏။

'ဟာ-ဟို ဟို မိန်းမတွေ မမြင်ပါလားဟ'

'ထိုရသေ့၏အနီးမှာ တရားနာသွားကြတယ် ထင်ပါရဲ့ အရှင်မင်းကြီး'

ထိုကချေသည်တို့သည် ထိုအချိန်က ထိုနေရာ ထိုကလာဗုမင်း၏အနီးမှ အေးချမ်းစွာ ထွက်ခွာသွားခဲ့ကြသည်တွင် အိပ်ပျော်ရာမှ နိုးလာသော ကလာဗုမင်းအတွက် အေးကွက်မမြင်။

ကချေသည်မိန်းမတို့၌ တွယ်တာနှစ်သက်မှု၊ အလိုမကျ အမျက်ထွက်မှုဟူသော လောဘ၊ ဒေါသ မီးလျှံတွေကြောင့် ကလာဗုမင်း၏ ကိုယ်မှာ နူးညံ့သိမ်မွေ့မှုပျောက်၍ ရက်စက်ကြမ်းကြုတ်မှုဟန် ကိုယ်အမူအရာမှာ မြွေဟောက်ပမာနှင့် တူလှချေ၏။

လက်၌ သန်လျက်ကိုင်၍ ဒေါသအဟုန်နှင့် စိတ်ထိန်းချုပ်မှုကင်းမဲ့စွာ ထိုကချေသည်မိန်းမတို့၏နောက်သို့ လိုက်သည်တွင် ရဲရင့်သော ကချေသည်မိန်းမတို့သည် ကလာဗုမင်း၏လက်မှ သန်လျက်ကို ဆွဲငင်လုယူလျက် ငြိမ်းချမ်းရေးရအောင် ကြံဆောင်ပြုလုပ်ကြကုန်၏။

သို့ရာတွင် ကလာဗုမင်းမှာ တွယ်တာနှစ်သက်အမျက်ထွက်မှုကြောင့် အသိဉာဏ်မပွင့်လာ။ အဝိဇ္ဇာ အမှောင်ဖုံးလွှမ်းနေ၏။ ဖုံးနေ၏။

ရသေ့၏အသွင်က တည်ငြိမ်အေးချမ်းလျက်။ ကလာဗုမင်း၏ အသွင်မှာမူ---

'အို---ရသေ့---သင့်၏အယူဝါဒက ဘာလဲ'

'ခန္တီဝါဒဖြစ်ပါတယ် အရှင်မင်းကြီး'

'ခန္တီဝါဒရဲ့ အဓိပ္ပာယ်ကကော ဘာသဘောလဲ'

'ရက်စက်ကြမ်းကြုတ်မှုတွေ ကြုံလာတဲ့အခါ အလိုမကျမှု အမျက်မထွက်၊ မေတ္တာရေချမ်း သွန်းဖျန်းနေတာမျိုးကို ဆိုလိုတာပါ။'

ထိုသို့ ရသေ့၏စကားကိုကြားကာမျှပင် လူသတ်သမားကို ကလာဗုမင်းက ခေါ်လိုက်၏။

'အရှင်မင်းကြီး၏ အမူတော်ကို ထမ်းရွက်ရန် အသင့်ဖြစ်ပါတယ်။'

'အေး-ကောင်းပြီ။ ရသေ့ရဲ့ကိုယ်ကို ဆူးကြိမ်နဲ့ အချက်နှစ်ထောင်ပြည့်အောင် ရိုက်စမ်း'

လူသတ်သမား၏ရိုက်ချက် ပြင်းထန်၍ ဘုရားလောင်းရသေ့၏အရေ အသားမှာ စုတ်ပြတ်ပြီးလျှင် သွေးတွေ ရဲရဲနီလျက်ယိုစီး၏။

ထို့နောက် ရသေ့၏ သည်းခံခြင်းခန္တီ အယူဝါဒကို လူသတ်သမားသည် ရသေ့၏ လက်၊ ခြေ၊ နား၊ နှာခေါင်းဖြတ်လျက် ကလာဗုမင်း၏ သည်းခံခြင်းခန္တီ အယူဝါဒ ရှာပုံတော်ဖွင့်လေ၏။

သို့ရာတွင် ကလာဗုမင်း မတွေ့။ ဘုရားလောင်းရသေ့၏ ခန္တီဝါဒကို မတွေ့မူ၍ ကလာဗုမင်းသည် ရသေ့အား ခြေဖြင့်ကန်ကျောက်၍ မီးလောင်ရာလေပင့်ဆိုသလို အမျက်မငြိမ်း ဒေါသမီးတောက်မှာ ပို၍ ပို၍ တောက်လာ၏။

ထိုရသေ့၏ အဖြစ်အပျက်ကိုမြင်၍ စိတ်မကောင်းစွာနှင့် လူသတ်သမားက ရသေ့အား တောင်းပန်စကားဆို၏။

'ရဲရင့်တော်မူသော ရှင်ရသေ့။ ကလာဗုမင်းအား အမျက်ထွက်ပါ။'

**'ဝိရံ ဇိဝတု သောရာဇာ'**- အနှစ်မြားမြောင် ကာလကြာအောင် အရှင်မင်းကြီး အသက်ရှည်ပါစေ။

ဘုရားလောင်းရသေ့သည် သည်းခံခြင်းဖြင့် အနိုင်ယူလျက် တစ်ဘဝတာ ခန္ဓာချုပ်ငြိမ်းလတ်သော် မင်းရဲ့ပရိသတ်တွေ၊ ပြည်သူတွေက အလောင်းတော်ကို နံ့သာထင်းတွေ၊ ပန်းတွေနဲ့ ကောင်းစွာ သင်္ဂြိုဟ်မှုပြု ပူဇော်လိုက်ကြ၏။

ကလာဗုမင်း ဥယျာဉ်၏တံခါးဝအရောက် အဝီစိမီးလျှံမှ ကြိုဆိုပေရာ မြေသို့သက်ဝင် အဝီစိငရဲကြီး၌ တည်နေရှာတော့၏။

မြတ်ထေရ်ကျော်

---

**သည်းခံခြင်းအယူဝါဒကျင့်သုံး၍ မြတ်စွာဘုရား၏ ခန္တီဝါဒီရသေ့ဘဝကို ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုမှာ လေ့လာမှတ်သားရပါသည်။**

---

## အမေရိကန်တောင်ပိုင်း ဂျော်ဂျီယာပြည်နယ်တွင် ကျောင်းတွင်းသေနတ်ပစ်မှုဖြစ်ပွား နှစ်ဦးသေဆုံး

**ဝါရှင်တန် စက်တင်ဘာ ၅**

အမေရိကန်ပြည်ထောင်စု တောင်ပိုင်း ဂျော်ဂျီယာပြည်နယ် ဝင်းဒါးမြို့တွင် စက်တင်ဘာ ၄ ရက်က ကျောင်းတွင်းသေနတ်ပစ်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။




ထိုမြို့ရှိ အပလာချီအထက်တန်းကျောင်းတွင် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၂၃ မိနစ်ခန့်က အခင်းဖြစ်ပွားနေစဉ် မိမိတို့ရဲတပ်ဖွဲ့သည် ကျောင်းထဲသို့ဝင်ရောက်ကာ အခြေအနေကိုထိန်းသိမ်းနိုင်ခဲ့ကြောင်း ဘာရိုးစီရင်စုနယ် ရဲတပ်ဖွဲ့ရုံးက သတင်းထုတ်ပြန်သည်။

အဓိကသံသယရှိသူကို ရဲတပ်ဖွဲ့ဝင်များက ထိန်းသိမ်းခဲ့ပြီးနောက် ဒဏ်ရာရသူလေးဦး ကို သက်ဆိုင်ရာက ရဟတ်ယာဉ်ဖြင့် ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။

ထိုသေနတ်ပစ်ခတ်မှုနှင့် ပတ်သက်၍ ဒေသဆိုင်ရာအာဏာပိုင်များက သမ္မတဂျိုးဘိုင်ဒင်၊ အက်ဖ်ဘီအိုင်နှင့် အခြားထောက်လှမ်းရေးအဖွဲ့အသီးသီးထံသို့ တင်ပြအစီရင်ခံထားကြောင်း သိရသည်။ **MON**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



ကွယ်လွန်သွားသည့် ခမည်းတော်ဘုရင်၏ အရိုက်အရာဆက်ခံကာ နယူးဇီလန်အခြေစိုက် မာအောရီလူမျိုးစု၏ ဘုရင်မဖြစ်လာသော အသက် ၂၇ နှစ်အရွယ် ငါဝေဟိုနီအိတေပိုကို တွေ့ရစဉ်။ **MON**

## တောင်အာဖရိကသမ္မတဟောင်း၏ အသက် ၂၁ နှစ်အရွယ်သမီး အသက် ၅၆ နှစ်အရွယ် အက်စဝါတီနီဘုရင်နှင့် လက်ထပ်

**ကိပ်တောင်း စက်တင်ဘာ ၅**

တောင်အာဖရိကသမ္မတဟောင်း ဂျက်ကော့ဇူမား၏ အသက် ၂၁ နှစ်အရွယ်သမီးဖြစ်သူ နွမ်ဆေဘိုဇူမားသည် အသက် ၅၆ နှစ်အရွယ် အက်စဝါတီနီဘုရင်နှင့် လက်ထပ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နန်းသက် ၃၈ နှစ်ရှိပြီဖြစ်သော ထိုအက်စဝါတီနီဘုရင်သည် မိဖုရား ၁၅ ပါးနှင့် ထိမ်းမြားလက်ထပ်ခဲ့ပြီး လက်ရှိ မိဖုရား ၁၁ ပါးနှင့် ပေါင်းသင်းနေထိုင်လျက်ရှိသည်။

နွမ်ဆေဘိုဇူမားက ထိုဘုရင်ကို မေတ္တာသက်ဝင်ခဲ့ရာမှ ၎င်းတို့နှစ်ဦး လက်ထပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **MON**



## အီတလီနိုင်ငံ လမ်ပေဒူဆာကျွန်းအနောက်တောင်ဘက်၌ နိုင်ငံကူးပြောင်းလာသူများ၏လှေ နစ်မြုပ်မှုဖြစ်ပွား

**ရောမ စက်တင်ဘာ ၅**

အီတလီနိုင်ငံ လမ်ပေဒူဆာကျွန်းအနောက်တောင်ဘက်၌ နိုင်ငံကူးပြောင်းလာသူများ၏လှေ စက်တင်ဘာ ၄ ရက်က နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အခင်းဖြစ်ပွားလျှင်ဖြစ်ပွားချင်း အီတလီကမ်းရိုးတန်းစောင့်တပ်ဖွဲ့ဝင်များ သွားရောက်ကယ်ဆယ်ရာ ခုနစ်ဦးကိုသာကယ်ဆယ်နိုင်ခဲ့ပြီး ၂၁ ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

လမ်ပေဒူဆာကျွန်းမှ ရေမိုင် ၁၀ မိုင်ခန့်ကွာဝေးသည့်နေရာတွင် အဆိုပါလှေနစ်မြုပ်မှုဖြစ်ပွားခဲ့ပြီး ကယ်ဆယ်ခံရသူအားလုံး ဆီးရီးယားနိုင်ငံသားများဖြစ်ကြောင်း အီတလီကမ်းရိုးတန်းစောင့်တပ်ဖွဲ့ပြောခွင့်ရသူက ဆိုသည်။

ရာသီဥတုဆိုးရွားမှုကြောင့် ထိုလှေနစ်မြုပ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကယ်ဆယ်ခံရသူများ၏ အခြေအနေမှာ စိုးရိမ်ရကြောင်း အီတလီအခြေစိုက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ညွှန်ကြားရေးမှူးက အိတ်စခ်စ်လူမှု ကွန်ရက်တွင် ရေးသားဖော်ပြသည်။

ယင်းလှေသည် လစ်ဗျားနိုင်ငံမှ ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**MON**

0-0-0-0-0




## မျောက်ကျောက်ရောဂါကာကွယ်ဆေးထိုးနှံမှု ကွန်ဂိုနိုင်ငံ၌ စတင်အကောင်အထည်ဖော်မည်

**ဘရာဇာဗီးလ် စက်တင်ဘာ ၅**

မျောက်ကျောက်ရောဂါကာကွယ်ဆေး အလုံးရေ ၁၀၀၀၀၀ ခန့် ရောက်လာပြီးနောက် ကာကွယ်ဆေးထိုးနှံမှုကို ကွန်ဂိုနိုင်ငံ၌ ရက်အနည်းငယ်အတွင်း စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ရက်သတ္တပတ်အတွင်း ကွန်ဂို၌ မျောက်ကျောက်ရောဂါကာကွယ်ဆေး အလုံးရေ စုစုပေါင်း ၂၀၀၀၀၀ ထိုးနှံပေးနိုင်မည်ဟု မျှော်မှန်းထားကြောင်း အာဖရိကသမဂ္ဂက ထုတ်ပြန်ကြေညာသည်။

ကာကွယ်ဆေးပထမအသုတ် ရောက်လာသည်နှင့် တစ်ပြိုင်နက် ကွန်ဂိုနိုင်ငံတွင် ကာကွယ်ဆေးထိုးနှံမှု စတင်ပြုလုပ်မည်ဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးဌာန အကြီးအကဲဖြစ်သူ ယန်းကာဆေယာက ထုတ်ဖော်ပြောကြားသည်။

ထိုနိုင်ငံတွင် မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၁၇၅၀၀ ကျော်ရှိပြီး လူပေါင်း ၆၂၉ ဦး ယင်းရောဂါကြောင့် သေဆုံးခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မှတ်တမ်းတင်ထားသည်။

**MON**

0-0-0-0-0

0-0-0





## တရုတ်နိုင်ငံ၏ သားမွေးထုတ်လုပ်ရေးလုပ်ငန်းများမှ ဗိုင်းရပ်စ်အသစ် ၃၆ မျိုးအထိ တွေ့ရှိခဲ့သည်ဟုဆို

**ပေကျင်း စက်တင်ဘာ ၅**

တရုတ်နိုင်ငံ သားမွေးထုတ်လုပ်ရေးလုပ်ငန်းများမှ မကြာသေးမီက ဗိုင်းရပ်စ်အသစ် ၃၆ မျိုးအထိ တွေ့ရှိခဲ့သည်ဟု ပိုးမွှားဗေဒပညာရှင် အက်ဒွပ်ဟိုးလ်မ်စ်က အတည်ပြုပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သားမွေးထုတ်လုပ်နိုင်သော တောရိုင်းတိရစ္ဆာန်များ မွေးမြူထားသည့် တရုတ်နိုင်ငံရှိ ခြံအသီးသီး၌ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ တရုတ်ပညာရှင်များနှင့်အတူ ၎င်းကလေ့လာခဲ့ခြင်းဖြစ်သည်။

ထိုသို့လေ့လာရာမှ ဗိုင်းရပ်စ်အမျိုးအစားစုစုပေါင်း ၁၂၅ မျိုး တွေ့ရှိခဲ့သည့်အနက် ၃၆ မျိုးသည် ပိုးအမျိုးအစားသစ်များဖြစ်ကြောင်း သုတေသနစာတမ်းတွင် ရေးသားတင်ပြထားသည်။

အဆိုပါဗိုင်းရပ်စ်ပိုးမွှားသစ်များထဲမှ အချို့သည် တိရစ္ဆာန်မှလူသို့ ကူးစက်ခဲ့ပြီးဖြစ်သော်လည်း လူအများစုကို ခြိမ်းခြောက်ခြင်း မရှိသေးကြောင်း သိရသည်။ **MON**

## ဝေလငါးဖမ်းခြင်းဆန့်ကျင်သူ ပေါလ်ဝပ်ဆင် ဂရင်းလန်နိုင်ငံတွင် ထိန်းသိမ်းခံထားရ

**နုခ် စက်တင်ဘာ ၅**

ဝေလငါးဖမ်းခြင်းဆန့်ကျင်သူ ပေါလ်ဝပ်ဆင် ဂရင်းလန်နိုင်ငံတွင် မကြာသေးမီက ထိန်းသိမ်းခံထားရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၎င်းသည် ဝေလငါးများ မျိုးတုံးပျောက်ကွယ်မည်စိုးသဖြင့် ဖမ်းယူခြင်းမပြုရန် အစဉ်တစိုက်အရေးဆိုခဲ့သည်မှာ နှစ်များစွာကြာမြင့်ခဲ့ပြီဟု ဆိုသည်။

ဝေလငါးဖမ်းခြင်းကို ဆန့်ကျင်ကန့်ကွက်ရင်း ၂၀၁၀ ပြည့်နှစ်က ဂျပန်ဝေလငါးဖမ်းသင်္ဘောတစ်စင်းကို ပျက်စီးစေခဲ့သဖြင့် ဂျပန်နိုင်ငံက ၎င်းကို ဖမ်းဝရမ်းထုတ်ထားရာ ဂရင်းလန်မှဂျပန်သို့ ၎င်းကို လွှဲပြောင်းပေးရဖွယ်ရှိကြောင်း သိရသည်။

**MON**



**STOP AIDS**



## လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ

**ကျိုင်းလပ် စက်တင်ဘာ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့ အခြေခံပညာအထက်တန်းကျောင်း (ဝမ်နတ်)၌ ယမန်နေ့ နံနက် ၁၀ နာရီခွဲက တာချီလိတ်ခရိုင် အမှတ်(၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

ထို့နောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေး ဟောပြောပွဲတွင် တာချီလိတ်ခရိုင် အမှတ်(၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်မှ ရဲအုပ် ကျော်သန်းနိုင်က လုပ်ငန်းကဏ္ဍကြီး (၄)ရပ်၊ လူကုန်ကူးမှု အင်္ဂါရပ် (၃)ရပ်၊ လူကုန်ကူး၊ လူမှောင်ခိုအဓိပ္ပာယ်၊ ကွဲပြားခြားနားချက်၊ လူကုန်ကူးမှုပုံစံများ၊ လူကုန်ကူးသူပွဲစားများ စည်းရုံးလေ့ရှိသည့် အလေ့အထများ၊ ပြည်တွင်းလူကုန်ကူးမှု၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံများသို့ လူကုန်ကူးခံခဲ့ရပြီး ဖော်ထုတ်ခဲ့သည့် မှုခင်းဖြစ်စဉ်များအား ရှင်းလင်းဟောပြောပြီး ပုခက်လွှဲခွင့် မရသောလက်၊ တိတ်ဆိတ်ခြင်း၏ နောက်ကွယ် ပညာပေး video Clipများ ပြသခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကျိုင်းလပ်မြို့ အခြေခံပညာအထက်တန်းကျောင်း(ဝမ်နတ်)မှကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

## သန့်ရှင်းသောလေ ရရှိဖို့ ရင်းနှီးမြှုပ်နှံမှု စတင်စို့ ခေါင်းစဉ်ဖြင့် အသိပညာပေး (Talk Show) ဆွေးနွေးပွဲ ကျင်းပ

**စဉ့်ကိုင် စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၇ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ (International Day of clean air for blue skies) အထိမ်းအမှတ်အဖြစ် သန့်ရှင်းသောလေ ရရှိဖို့ ရင်းနှီးမြှုပ်နှံမှု စတင်စို့ ခေါင်းစဉ်ဖြင့် အသိပညာပေး (Talk Show) ဆွေးနွေးပွဲကို မြို့နယ်လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ (Talk Show) ဆွေးနွေးပွဲတွင် ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမိုးသီဟကျော်နှင့် စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းတို့က အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ (International Day of clean air for blue skies) ဖြစ်ပေါ်လာရသည့် အကြောင်းအရင်းများနှင့် အဓိက ရည်ရွယ်ချက် (၄)ရပ်၊ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့် အကြောင်းအရင်းများ၊ လေထုညစ်ညမ်းမှုအမျိုးအစားများနှင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးအန္တရာယ်များအကြောင်း စသည့်အကြောင်းအရာများကို အကျယ်တဝင့် အသိပညာပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(၃၉၉)



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တာချီလိတ်မြို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**တာချီလိတ် စက်တင်ဘာ ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ၃ ရက် မွန်းလွဲ ၃ နာရီတွင် သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်တွင် ကျော်လင်းစိုးဆိုသူမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း သိုဝှက်သယ်ဆောင်လာသော စိတ်ကြွ ရူးသွပ်ဆေးပြား ၂၀၀၀၊ ဘိန်းဖြူ အလေးချိန် ၂၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မွန်းလွဲ ၃ နာရီခွဲတွင် အဆိုပါမူးယစ်ဆေးဝါးများရောင်းချသူ သီတာလင်းဆိုသူအား ၎င်းနေထိုင်သည့် တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်ရှိ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျော်လင်းစိုး(၃၃)နှစ်နှင့် သီတာလင်း(၄၄)နှစ်ဆိုသူတို့အား တာချီလိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ကျိုင်းတုံမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**ကျိုင်းတုံ စက်တင်ဘာ ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၄ ရက် နံနက် ၈ နာရီ မိနစ်၂၀ တွင် သတင်းအရ ကျိုင်းတုံမြို့၊ ရပ်ကွက်(၃)၊ နောင်ခမ်းရပ်တွင် ကျာမူး ဆိုသူ မောင်းနှင်ပြီး ကျဖေ့(ခ)အယ်လာ ဆိုသူ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့်လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျဖေ့(ခ)အယ်လာ(၂၅)နှစ်နှင့် ကျာမူး ဆိုသူတို့အား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀-၀

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး ကြပ်မတ်စစ်ဆေး အသိပညာပေး

**ပွင့်ဖြူ စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပလတ်စတစ်ပစ္စည်းများ အလွန်အကျွံသုံးစွဲခြင်းကြောင့် ကြုံတွေ့ရမည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအန္တရာယ် လျှော့နည်းစေရေးအတွက် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများသိရှိစေရန် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို စက်တင်ဘာ ၂ ရက် နံနက်၇နာရီခွဲက ပွင့်ဖြူမြို့မ စည်ပင်သာယာဈေး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့် ပူးပေါင်းပြီး ပွင့်ဖြူမြို့မ စည်ပင်သာယာဈေးအတွင်း၊ အပြင်ရှိ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများကို တွေ့ဆုံကာ ဈေးရောင်းချရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသည့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်းမပြုရန်နှင့် ပလတ်စတစ် အစားထိုးပစ္စည်းများဖြစ်သည့် ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူတို့ဖြင့်သာ ထုပ်ပိုးရောင်းချသွားကြရန်၊ ပြည်သူများ အစားအစာဘေးကင်းလုံခြုံရေးအတွက် သန့်ရှင်းလတ်ဆတ်သော အသား၊ ငါး၊ အသီးအရွက်နှင့် စားကုန်ပစ္စည်းများကို စနစ်တကျရောင်းချကြရန်နှင့် ဈေးဆိုင်ခန်းများဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး အလေးထားဆောင်ရွက်ရန်တို့ကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ဈေးရောင်း၊ ဈေးဝယ်ပြည်သူများကို သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခြင်းနှင့် ပလတ်စတစ်ပစ္စည်းသုံးစွဲမှု လျှော့ချနိုင်ရေးအတွက်ပလတ်စတစ်ပစ္စည်း အစားထိုးအသုံးပြုနိုင်ရန် ငှက်ပျောဖက်၊ အင်ဖက်၊ ကြာဖက်၊ စက္ကူတို့ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ) (၄၄၅)**



**အားကစား**
**မြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်**
**မူးယစ်ဆေး။**

# ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိတို့ရရှိသည့် လုပ်ခလစာများကို တရားဝင်လမ်းကြောင်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ရန်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ( ၁၀၈ /၂၀၂၄)
၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၉ ရက်
(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

အလုပ်သမားဝန်ကြီးဌာနသည် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၃၁ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိတို့ရရှိသည့် လုပ်ခလစာများကို တရားဝင်လမ်းကြောင်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ရန်သတ်မှတ်ခြင်း**

၁။ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများသည် ပြည်ပနိုင်ငံတွင် မိမိရရှိမည့် လုပ်ခလစာ၏ အနည်းဆုံး ၂၅ % ကို မိမိ၏မိသားစုဝင်များထံသို့ တရားဝင်ဘဏ်စနစ်ဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထုတ်ပေးထားသည့် Remittance Business License (RBL) ရရှိသူများဖြင့်ဖြစ်စေ၊ ဘဏ်စနစ်ဖြင့် ချိတ်ဆက်ထားသော နိုင်ငံတကာငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများဖြင့်ဖြစ်စေ တစ်လလျှင်တစ်ကြိမ် လုပ်ခလစာ၏ ၂၅% သို့မဟုတ် အများဆုံး ၃ လလျှင် တစ်ကြိမ် ၃ လစာ စုစုပေါင်း၏ အနည်းဆုံး ၂၅ % ကို မိမိ၏မိသားစုဝင်များထံသို့ သို့မဟုတ် မိခင်နိုင်ငံရှိ မိမိ၏ဘဏ်စာရင်းသို့ လွှဲပြောင်းပေးပို့ရမည်။

၂။ အပိုဒ် ၁ ပါ နည်းလမ်းများအတိုင်း မိမိ၏မိသားစုဝင်များထံသို့ တရားဝင်လွှဲပို့ထားသော မိသားစုလွှဲပို့ငွေများကို တည်ဆဲဥပဒေများနှင့်အညီ ဝင်ငွေရလမ်းဖော်ပြနိုင်သောငွေအဖြစ် ခံစားခွင့်ရရှိနိုင်ရေး တရားဝင်လွှဲပြောင်းပေးပို့ခဲ့သည့် အထောက်အထား စာရွက်စာတမ်းများကို သေချာစွာ သိမ်းဆည်းထားရမည်။

၃။ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေသည့် အလုပ်သမားများသည် အပိုဒ် ၁ ပါနည်းလမ်းများအတိုင်း တရားဝင်ငွေလွှဲပေးပို့ထားသည့် အထောက်အထားများကို မိမိအားတာဝန်ယူစေလွှတ်ခဲ့သည့် အေဂျင်စီထံသို့ မပျက်မကွက် မိတ္တူပေးပို့ရမည်။

၄။ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများသည် မိမိစေလွှတ်ခဲ့သည့် အလုပ်သမားများအား တရားဝင်ငွေလွှဲပြောင်းပေးပို့ရာတွင် လွယ်ကူ၊ မှန်ကန်၊ မြန်ဆန်စေရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရမည့်အပြင် အလုပ်သမားများမှ လစဉ်လွှဲပို့သည့်အထောက်အထားများကို အလုပ်သမားဝန်ကြီးဌာနသို့ လချုပ်အဖြစ် အထောက်အထားများပူးတွဲလျက် မပျက်မကွက်တင်ပြရမည်။

၅။ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အပိုဒ် ၁ ပါ နည်းလမ်းများအတိုင်း မိမိ၏မိသားစုဝင်များထံသို့ မိသားစုလွှဲပို့ငွေ လွှဲပြောင်းပေးပို့ရန် ပျက်ကွက်သည်ကို စိစစ်တွေ့ရှိရပါက ပြည်ပသို့ အလုပ်ဖြင့်ထွက်ခွာမှုကို ကာလအကန့်အသတ်ဖြင့် ပိတ်ပင်ခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card – OWIC) ထုတ်ပေးမှုမပြုခြင်း၊ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးမြှင့်ခွင့်မပြုခြင်း စသည်တို့အပြင် လိုအပ်သလို စိစစ်အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်သည်။

၆။ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိ၏မိသားစုဝင်များထံသို့ ငွေလွှဲပို့ရာတွင် မိသားစုလွှဲပို့ငွေများကို တရားမဝင်ဟွန်ဒီလုပ်ငန်း လုပ်ကိုင်သူများမှတစ်ဆင့် ငွေလွှဲပြောင်းပေးပို့ခြင်းမပြု (မပြု) ကြရန်နှင့် တရားဝင်လမ်းကြောင်းများမှသာ လွှဲပြောင်းပေးပို့ကြရမည်ဖြစ်သည်။

မြင့်နောင်
ပြည်ထောင်စုဝန်ကြီး




## "Blue Pansy" လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

နေပြည်တော် စက်တင်ဘာ ၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထားမှတ်ချက်ပြုထားသည့် "Blue Pansy" လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးအား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ (၉) ရက်၊ မြန်မာ သက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း (၇) ရက် (တနင်္လာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ (၉)ရက် (တနင်္လာနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။

သတင်းစဉ်

## ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ(အာရှဇုန်) NGB

| | | | | |
|---|---|---|---|---|
| ဩစတြေးလျ | ၀ | - | ၁ | ဘာရိန်း |
| ဂျပန် | ၇ | - | ၀ | တရုတ် |
| တောင်ကိုရီးယား | ၀ | - | ၀ | ပါလက်စတိုင်း |
| ဥဇဘက်ကစ္စတန် | ၁ | - | ၀ | မြောက်ကိုရီးယား |
| အီရန် | ၁ | - | ၀ | ကာဂျစ်စတန် |
| ကာတာ | ၁ | - | ၃ | ယူအေအီး |
| အီရတ် | ၁ | - | ၀ | အိုမန် |

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၅

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၁၇ ဖွဲ့ရှိပြီး လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၄ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၄ ပါတီအနက် ဦးခင်မောင်ဦး ခေါင်းဆောင်သည့် **ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (Unity and Development Party)** က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှ စ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၃ ပါတီအနက် ပါတီ ၁၁ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၅

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

### အသိပေးသတင်းထုတ်ပြန်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### တရားဥပဒေနှင့်အညီ ဆောင်ရွက်

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Win Ko" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြို့သာကုန်း ကျေးရွာနေ ဝင်းကိုအား မွန်းလွဲ ၃ နာရီတွင်လည်းကောင်း၊ "NyiNyi" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ပါရမီရပ်ကွက်နေ ညီညီထွန်း(ခ)ပလာတူအား ညနေ ၅ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

### ဆက်လက်ဖော်ထုတ်

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ

## 2024 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Nuria Parrizas Diaz တက်ရောက်



**လန်ဒန် စက်တင်ဘာ ၅**

ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ စပိန်တင်းနစ်မယ် Nuria Parrizas Diaz တက်ရောက်ခဲ့သည်။

အဆိုပါ စပိန်တင်းနစ်မယ် Nuria Parrizas Diaz သည် 2024 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ပြင်သစ်တင်းနစ်မယ် Carole Monnet အား ၆-၇၊ ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Montreux Nestlé Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်မယ် Nuria Parrizas Diaz နှင့် အိမ်ရှင် ဆွစ်ဇာလန်တင်းနစ်မယ် Jil Teichmann တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ဝဲပုံ)

(NGB)

## ဟမ်းမဲလ် ရိုးမားအသင်းတွင် ကျောနံပါတ် ၁၅ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**တူရင် စက်တင်ဘာ ၅**

ဝါရင့်နောက်ခံကစားသမား ဟမ်းမဲလ် ရိုးမားအသင်းတွင် ကျောနံပါတ် ၁၅ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် ဒေါ့မွန်အသင်းနှင့် လမ်းခွဲပြီးနောက် ရိုးမားအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

နောက်ခံကစားသမား ဟမ်းမဲလ်သည် ရိုးမားအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၉ပွဲ ကစားကာ ၁၃ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရိုးမားအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

အသက်(၃၅)နှစ်အရွယ်ရှိ ဟမ်းမဲလ်က 'ကျွန်တော် ရိုးမားအသင်းမှာ ကျောနံပါတ် ၁၅ ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားချင်ပါတယ်'ဟု ပြောသည်။(NGB)




## အန်တိုနီ မန်ချက်စတာယူနိုက်တက်အသင်းတွင် ဆက်ရှိသွားမည်

**မန်ချက်စတာ စက်တင်ဘာ ၅**

မန်ချက်စတာယူနိုက်တက်အသင်း တောင်ပံကစားသမား အန်တိုနီ အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဖီနာဘာချီအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်သည်။

တောင်ပံကစားသမား အန်တိုနီသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၃ပွဲကစားပြီး ၁၁ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

မန်ချက်စတာယူနိုက်တက်အသင်းထုတ်ပြန်ချက်တွင် အန်တိုနီအသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်ဟု ထုတ်ပြန်သည်။

(အောက်ပုံ)

(NGB)



## ရာဘီယော့စ်အား ခေါ်ယူရန် အယ်လ်နာဆာအသင်း စီစဉ်

**လန်ဒန် စက်တင်ဘာ ၅**

ဆော်ဒီကလပ် အယ်လ်နာဆာအသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့် ကွင်းလယ်ကစားသမား ရာဘီယော့စ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။



အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဂျူဗင်တပ်အသင်းနှင့် လမ်းခွဲပြီးနောက် လက်ရှိအချိန်အထိ အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် အယ်လ်နာဆာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ရာဘီယော့စ်သည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲပေါင်း ၂၁၂ ပွဲကစားကာ ၂၂ဂိုး သွင်းယူပြီး ခြေစွမ်းပြထားနိုင်ခဲ့သည်။

ထို့ကြောင့် အယ်လ်နာဆာ အသင်းအနေဖြင့် အသင်းလက်မဲ့ဖြစ်နေသော ရာဘီယော့စ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)




## နည်းပြ စတိဗ်ဘရုစ်အား နည်းပြသစ်အဖြစ် ဘလက်ပူးလ်အသင်း ခန့်အပ်

**လန်ဒန် စက်တင်ဘာ ၅**

အင်္ဂလန်လိဂ်ဝမ်းကလပ် ဘလက်ပူးလ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ စတိဗ်ဘရုစ်အား နှစ်နှစ်စာချုပ်ဖြင့် ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါနည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် ခရစ္စတယ်ပဲလေ့စ်၊ ဝီဂန်၊ ဘာမင်ဂမ်စီးတီး၊ ဟူးလ်စီးတီး၊ နယူးကာဆယ် ယူနိုက်တက်၊ ဝက်စ်ဘရွန်း၊ ဆန်းဒါးလန်းစသည့် ကလပ်အသင်းများအပြင် အခြားကလပ် အသင်းများစွာအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဘလက်ပူးလ်အသင်းက နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

အသက်(၆၃)နှစ်အရွယ်ရှိ နည်းပြ စတိဗ်ဘရုစ်က 'ကျွန်တော် ဘလက်ပူးလ်အသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဘလက်ပူးလ်အသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ'ဟု ပြောသည်။

(အပေါ်ပုံ)

(NGB)

## ဘာ့ဂ်ဝင်းချ်အား အယ်လ်အစ်တီဟတ်အသင်း ခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၅**

အယ်လ်အစ်တီဟတ်အသင်းသည် အေဂျက်စ်အသင်း တိုက်စစ်မှူး ဘာ့ဂ်ဝင်းချ်အား ပြောင်းရွှေ့ကြေး ယူရို ၂၁ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အယ်လ်အစ်တီဟတ်အသင်းနှင့်အတူ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး ဘာ့ဂ်ဝင်းချ်သည် အေဂျက်စ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၉ ပွဲ ကစားကာ ၂၉ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အယ်လ်အစ်တီဟတ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အယ်လ်အစ်တီဟတ်အသင်း ထုတ်ပြန်ချက်တွင် 'ဘာ့ဂ်ဝင်းချ်အား ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို ရလဒ်ကောင်းတွေ ရရှိအောင် စွမ်းဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်'ဟု ထုတ်ပြန်သည်။

(အောက်ပုံ) (NGB)




### ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ (တောင်အမေရိကဇုန်) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|
| ၇-၉-၂၀၂၄ စနေနေ့ | နံနက် ၆း၀၀နာရီ | ဥရုဂွေး - ပါရာဂွေး | ဥရုဂွေး ၁-၀ ပါရာဂွေး |
| ။ | နံနက် ၇း၃၀နာရီ | ဘရာဇီး - အီကွေဒေါ | ဘရာဇီး ၁-၁ အီကွေဒေါ |
| ။ | နံနက် ၈း၀၀နာရီ | ပီရူး - ကိုလံဘီယာ | ပီရူး ၀-၃ ကိုလံဘီယာ |

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(နောက်ဆုံး ၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၆-၉-၂၀၂၄ သောကြာနေ့ | ညနေ ၃း၃၀နာရီ (ရန်ကုန်ကွင်း) | (၅)ရတနာပုံ - ISPE(၈)<br>(L,W,L,W,D) (W,W,L,L,L) | ရတနာပုံ ၁-၁ ISPE<br>ISPE ၁-၁ ရတနာပုံ |

### ယူအီးအက်ဖ်အေ နေးရှင်းလိဂ်အုပ်စုပွဲစဉ် နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|
| ၆-၉-၂၀၂၄ သောကြာနေ့ | ည ၈း၃၀နာရီ | ကာဇက်စတန် - နော်ဝေ | ——— |
| ။ | ည ၁၀း၃၀နာရီ | လစ်သူယေးနီးယား - ဆိုက်ပရပ်စ် | ——— |
| ၇-၉-၂၀၂၄ စနေနေ့ | နံနက် ၀၁း၁၅နာရီ | ဘယ်လ်ဂျီယံ - အစ္စရေး | ဘယ်လ်ဂျီယံ ၃-၁ အစ္စရေး |
| ။ | ။ | ပြင်သစ် - အီတလီ | ပြင်သစ် ၃-၁ အီတလီ |
| ။ | ။ | ကိုဆိုဗို - ရိုမေးနီးယား | ကိုဆိုဗို ၀-၀ ရိုမေးနီးယား |
| ။ | ။ | ဆလိုဗေးနီးယား - ဩစတြီးယား | ဆလိုဗေးနီးယား ၀-၁ ဩစတြီးယား |
| ။ | ။ | အိုက်စလန် - မွန်တီနီဂရိုး | ——— |
| ။ | ။ | ဝေးလ် - တူရကီ | ဝေးလ် ၁-၁ တူရကီ |

## လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ



**မိတ္ထီလာ စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်တွင် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ခရိုင်အဆင့် နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉နာရီက ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပခဲ့သည်။

ခရိုင်အဆင့်နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၄ခုနှစ် မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်များတွင် စာရင်းစစ်၊ စာရင်းကောက် ၇၅၄ ဦး ခန့်တာဝန်ပေးအပ်ရမှာဖြစ်ကြောင်း၊ ၄င်းတို့ကို တစ်ချိန်တည်း တစ်ပြိုင်တည်း သက်ဆိုင်ရာ မြို့နယ်များတွင် လေ့ကျင့်သင်ကြားပေးမှာဖြစ်ကြောင်း၊ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်နည်းပညာသင်တန်းများနှင့် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကို အဆင့်ဆင့် ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ ယခုဖွင့်လှစ်တဲ့ ခရိုင်အဆင့်နည်းပြသင်တန်းကို ဖွင့်လှစ်ပြီးပါက မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကို သတ်မှတ်အချိန်အတိုင်း အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်သန်းခေါင်စာရင်း ကော်မတီများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မှာဖြစ်ပါကြောင်း၊ တက်ရောက်လာကြတဲ့ ဆရာ၊ ဆရာမများအနေနဲ့ ပေးအပ်ထားတဲ့ တာဝန်များကို မိမိတို့ရဲ့ အတွေ့အကြုံ စွမ်းဆောင်နိုင်မှု အရည်အသွေးစိတ်စေတနာကောင်းများနဲ့ ပေါင်းစပ်ပြီး သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါက်တာစောမြင့်ထူးတို့က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းအထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များမှ သင်တန်းသားသင်တန်းသူ ၅၁ ဦး တက်ရောက်ကြပြီး သန်းခေါင်စာရင်းဆိုင်ရာ အဓိကသဘောတရားများ၊ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် လက်တွေ့လေ့ကျင့်ခန်းများဖြင့် ဆွေးနွေးပို့ချမည်ဖြစ်ပြီး အပြန်အလှန်ဆွေးနွေးခြင်း၊ ပဟေဠိအမေးအဖြေများဖြင့် ထိရောက်လွယ်ကူသည့် နည်းလမ်းများဖြင့် သင်တန်းကို စက်တင်ဘာ ၃ ရက်မှ ၁၄ ရက်အထိ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၄၆၉)**



## အသက်တစ်နှစ်ခွဲအောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းများ ဆောင်ရွက်

**တမူး စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊တမူးမြို့တွင် အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းများကို လစဉ်ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီက တမူးခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် တမူးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအား အသက်အရွယ်အပိုင်းအခြားအလိုက် ဂျပန်ဦးနှောက်အမြှေးရောင်၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ဝက်သက် - ဂျိုက်သိုး၊ ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေးထိုးနှံပေးခြင်းများကို စနစ်တကျ ဆောင်ရွက်ပေးကြသည်။

အဆိုပါ ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးခြင်းကို စက်တင်ဘာ ၁ ရက်မှ ၄ရက်အထိ ထိုးနှံတိုက်ကျွေးသွားမည်ဖြစ်ပြီး ကျန်ရှိသူများကိုလည်း ဆက်လက်ထိုးနှံတိုက်ကျွေးပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီးအတွင်း မိုးနှောင်းချည်မျှင်ရှည်ဝါ ဧက ၅၈၆၆ စိုက်ပျိုး

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ဧကအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၃၁၂၉ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၁၅၀၁ ဧက၊ မြစ်သားမြို့နယ်တွင် ၁၂၃၆ ဧက၊ စုစုပေါင်း ၅၈၆၆ ဧကကို ဩဂုတ်လဆန်းပိုင်းတွင် စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ စာရင်းများအရ သိရသည်။

မိုးနှောင်းဝါစိုက်ပျိုးမှုတွင် ပေါင်ကြောင်းပေးစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုးအနေဖြင့် အိန္ဒိယ(ရာကာ)မျိုးများဖြစ်သော ၃၃၃လုံး၊ ၆၆၆လုံးနှင့် ၉၉၉လုံး မျိုးကိုသာ အများဆုံးစိုက်ပျိုးကြသည်။

မျိုးအသုံးပြုမှုအနေဖြင့် တစ်ဧကလျှင် ဝါမျိုးစေ့(၁၂-၁၃) ပိသာ အသုံးပြုစိုက်ပျိုးရကြောင်း၊ ဝါမျိုးစေ့တစ်ပိသာလျှင် ငွေကျပ် ၂၅၀၀ ဈေးဝယ်ယူ စိုက်ပျိုးရကြောင်း၊ တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ လုပ်သား၊ သွင်းအားစု အပါအဝင် စုစုပေါင်း ငွေကျပ် ၃၅၀၀၀ ခန့် ကုန်ကျသည်။

ယခုနှစ်တွင် မိုးရွာသွန်းမှု ကောင်းသောကြောင့် ဝါစိုက်ပျိုးမှုတွင် ဝါပင်များ အောင်မြင်စွာ ပေါက်ရောက်ရှင်သန်နေပြီဖြစ်ကြောင်း၊ မိုးနှောင်းချည်မျှင်ရှည်ဝါများကို ကျောက်ဆည်မြို့နယ်တွင် တောင်တော်ရွာ၊ ကင်းရွာ၊ နှောင်ခမ်းရွာ၊ မြစ်သားမြို့နယ်တွင် နဘူးကြီးအုပ်စု၊ ခင်လည်အုပ်စုနှင့် တောင်တော်ကုန်းကျေးရွာနှင့် စဉ့်ကိုင်မြို့နယ်တွင် ရွာတော်ရွာ၊ ထန်းတောရွာ၊ ညောင်ပင်သာရွာများတွင် အများဆုံး စိုက်ပျိုးကြသည်။

နိုဝင်ဘာလကုန်နှင့် ဒီဇင်ဘာလဆန်းပိုင်းတွင် ထွက်ပေါ်မည်ဖြစ်ကြောင်း၊ မိုးနှောင်းချည်မျှင်ရှည်ဝါထွက်ပေါ်ချိန်တွင် အထွက်နှုန်းခန့်မှန်းအနေဖြင့် ပိသာ (၄၀၀-၅၀၀)အထိ ထွက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ယခုလက်ရှိ ဝါရောင်းချမှုဈေးနှုန်းအနေဖြင့် ဝါတစ်ပိသာလျှင် ငွေကျပ် ၃၁၀၀-၃၂၀၀၊ ဝမ်းတစ်ပိသာလျှင် ငွေကျပ် ၆၃၀၀-၆၅၀၀၊ ဝါစေ့တစ်ပိသာလျှင် ငွေကျပ် ၁၃၀၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိသည်။

မြို့ပေါ်ပွဲရုံများသို့ တောင်သူများမှ တိုက်ရိုက်လာရောက် ရောင်းချသူများရှိသလို ကျေးလက်ဒေသဝါထွက်ရှိရာ ကျေးရွာများသို့လည်း ပွဲစားများ လာရောက်ဝယ်ယူသူများလည်းရှိကြောင်း၊ ဝါရောင်းဝယ်မှုအနေဖြင့် ဝါစက်ရုံ၊ ဝါပွဲရုံများမှ မန္တလေးစက်မှုဇုန်နှင့် ချည်မျှင်စက်ရုံများသို့ ရောင်းလေ့ရှိသည်။

မိုးနှောင်းချည်မျှင်ရှည်ဝါထွက်ပေါ်ချိန်တွင် ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ်ဖြစ်ထွန်းမည်ဖြစ်ပြီး ယခုလက်ရှိဝါပေါက်ဈေး တစ်ပိသာလျှင် ငွေကျပ် ၃၂၀၀ဖြင့် တစ်ဧကအထွက် (၄၀၀-၅၀၀) ပိသာ ထွက်ရှိကြောင်း အကျိုးအမြတ်အနေဖြင့် ကုန်ကျစရိတ်နုတ်ပြီးပါက ငွေကျပ် ၉၃၀၀၀၀ ခန့် မြတ်ကြောင်း၊ တောင်သူများမှ ဝါထွက်ပေါ်ချိန်တွင် ဝါသီးနှံကို ရင့်မှည့်သောအချိန်မှ ကောက်ယူပြီး ရောင်းချပါက အရည်အသွေးပြည့်မီသောဝါများ ရရှိမည်ဖြစ်သည်။



တောင်သူများမှ ဝါများကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များရရှိပါက အကျိုးအမြတ် ပိုမိုခံစားရမည်ဖြစ်ကြောင်း ဝါစိုက်တောင်သူများထံမှ သိရသည်။ **ရွှေမန်း**

## သရက်မြို့၌ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

**သရက် စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတ ထိန်းသိမ်းခြင်းကို စဉ်ဆက်မပြတ်စေဘဲ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်၊ သဘာဝရေပြင်တွင် ငါးမျိုးစိတ်များ မျိုးပြုန်းမှုမရှိစေရန်၊ ငါးထုတ်လုပ်မှု တိုးတက်စေရန်နှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိစေရန်အတွက် ဒေသနှင့်ကိုက်ညီသည့် ငါးမျိုးများအား စိုက်ထည့်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၄ ရက် နံနက် ၈ နာရီခွဲက ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို သရက်မြို့ ဇက်ဆိပ်တွင် ဆောင်ရွက်ကြသည်။



အဆိုပါငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူးက ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး ငါးမျိုးကောင်ရေနှစ်သိန်းကို တာဝန်ရှိသူများထံ ပေးအပ်ပြီး တက်ရောက်လာကြသော ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများက ဧရာဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေတစ်သိန်း၊ ငါးခုံးမကြီးကောင်ရေတစ်သိန်းအား စုပေါင်း၍ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) ဇော်ထက်(သရက်)**

## အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ စားသုံးသူရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ပခုက္ကူ စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့ နံနက် ၁၀ နာရီက စားသုံးသူရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးမြတ်မင်းနှင့် ဝန်ထမ်းများက စားသုံးသူပြည်သူများ၏ အခွင့်အရေးနှင့်တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားများ၊ စားသုံးသူကော်မတီအဆင့်ဆင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးနေမှုများ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအရ ကုန်စည်နှင့်ဝန်ဆောင်မှုကို တိုက်ရိုက်သုံးစွဲသူ ပြည်သူများ ရရှိခံစားရမည့် အကျိုးကျေးဇူးများနှင့် သိသင့်သည့် အချက်အလက်များအကြောင်းတို့ကို အသိပညာပေးရှင်းလင်းဟောပြောကြသည်။

အဆိုပါဟောပြောပွဲတွင် ပခုက္ကူမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ဟောပြောမှုအပေါ် နားလည်မှတ်သားနိုင်မှု စွမ်းရည်များ မေးမြန်းကာ အဖြေမှန်သူများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊ စားသုံးသူရေးရာဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(၃၄၀)**



## လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲ ကျင်းပ

**ရွှေဘို စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာပေး သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက တန်ဖိုးနည်းအိမ်ရာရှိ ရန်ကြီးအောင်မဏ္ဍာရုံတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးမျိုးထက်မောင်က သင်တန်းတက်ရောက်သူများအနေဖြင့် တစ်နိုင်တစ်ပိုင် ပြုလုပ်သုံးစွဲခြင်းဖြင့် မိသားစုအိမ်သုံးစရိတ်လျှော့ချနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းဆင်းလက်မှတ်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းထွက်ကုန်ပစ္စည်းများ ပေးအပ်ရာ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အဆိုပါသင်တန်းတွင် နည်းပြများက လူသုံးကုန်ပစ္စည်းများတွင် အသုံးပြုသော လုပ်ငန်းသုံးဓာတုပစ္စည်းများအကြောင်း၊ ပန်းကန်ဆေး၊ အဝတ်လျှော်၊ လက်ဆေးရည်ပြုလုပ်နည်း၊ ကိုယ်တိုက်ဆပ်ပြာခဲ၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာမှုန့်၊ အမွှေးဆီ၊ Hand Gel ၊ Hand Spray ပြုလုပ်နည်းများကို ငါးရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ပြည်ပသို့ ရော်ဘာတန်ချိန် ၆သောင်းကျော် တင်ပို့မှုမှ ဒေါ်လာ ၈၇ သန်းရရှိထား

ယခုဘဏ္ဍာနှစ်၏ သုံးလအတွင်း ပြည်ပသို့ ရာဘာတန်ချိန် ၆၂၀၀၀ ကျော်တင်ပို့ထားပြီး ယင်းမှ အမေရိကန်ဒေါ်လာ ၈၇ သန်း ရရှိထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ အချက်အလက်များအရ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရော်ဘာတန်ချိန် သုံးသိန်းတင်ပို့ရန် မျှော်မှန်းထားသော်လည်း လက်ရှိအနေအထားအရ တင်ပို့မှု လျော့ကျနေကြောင်း သိရသည်။

"ရော်ဘာကို နယ်စပ်တင်ပို့မှုက လုံးဝရပ်နေသလို ဖြစ်နေတယ်။ အရင်တုန်းက နယ်စပ်လမ်းကြောင်းကနေ သွားတာများတယ်။ ရေကြောင်းကသွားတာလည်းရှိတယ်။ ဒါပေမဲ့ နည်းတယ်။ အခုတော့ ရေလမ်းကြောင်းကနေ အဓိကထား တင်ပို့နေရတယ်။ အဲဒီအခက်အခဲတွေ ရှိတာပေါ့။ ကုန်သွယ်မှုလမ်းကြောင်းတွေသာကောင်းရင် မျှော်မှန်းထားတဲ့ တန်ချိန်က ပြည့်နိုင်တယ်"ဟု ရော်ဘာလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းက ထွက်ရှိသည့် ရာဘာများကို တရုတ်၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ တောင်ကိုးရီးယား၊ ဂျပန်၊ အိန္ဒိယနှင့် ဗီယက်နမ် စသည့် အာရှနိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်ပြီး တရုတ်နိုင်ငံသို့ ၇၅ ရာခိုင်နှုန်း တင်ပို့ကြောင်း သိရသည်။

ရော်ဘာကို မြန်မာနိုင်ငံ တောင်ပိုင်းဒေသများအနက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးထားပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးလျက်ရှိသည်။

ထို့အပြင် ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာတန်ချိန်စုစုပေါင်း နှစ်သိန်းဝန်းကျင် ထွက်ရှိကာ ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့ တင်ပို့နေပြီး ကျန်ရှိသည့် ၈ ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ သုံးစွဲလျက်ရှိသည်။

ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရော်ဘာတန်ချိန် တစ်သိန်းခွဲကျော် တင်ပို့ထားပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တန်ချိန် သုံးသိန်းခွဲခန့်အထိ တိုးမြှင့်တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။

**ရွှေမန်း**

*-*-*-*-*



## မိုးသီးနှံစုံ ၁၂၀၇၆ ဧက ရိတ်သိမ်းခြွေလှေ့ပြီးစီး

**ပွင့်ဖြူ စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးသီးနှံစုံ ၁၂၀၇၆ ဧက ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားနပ်ရိက္ခာဖူလုံပိုလျှံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေးအတွက် မဲဇလီရေလွှဲဆည်ရေ၊ မြေအောက်ရေနှင့် ဆိုလာ တွဲဖက်အသုံးပြု ရေတင်စနစ်တို့ဖြင့် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲကြီး၊ ပဲစင်းငုံ၊ ဖူးစားပြောင်း၊ ချည်မျှင်ရှည်ဝါ၊ ကြံ၊ ဟင်းသီးဟင်းရွက်၊ ငရုတ်ပျော၊ အုန်း၊ ထန်း၊ သီးပင်စားပင်၊ ပရဆေးပင်နှင့် အထွေထွေ စားသုံးသီးနှံများစသည့် မိုးသီးနှံစုံစိုက်ဧက ၁၁၁၀၂၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရကာ ယခုအခါဒေသခံတောင်သူများက ဆောလျင်စွာစိုက်ပျိုးခဲ့သော မိုးသီးနှံများကို ဇူလိုင်လကုန်ပိုင်းမှ စတင်၍ ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ ယနေ့အထိ မိုးသီးနှံစုံ ၁၂၀၇၆ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်သည်။

မိုးသီးနှံစုံ စိုက်ဧက ၁၁၁၀၂၂ ဧကအနက် ဆောလျင်စွာ စိုက်ပျိုးခဲ့သော မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ကျွဲ၊ နွား တိရစ္ဆာန်အစာ၊ အခြားစားသုံးသီးနှံများကို ဒေသခံတောင်သူများက ဇူလိုင်လကုန်ပိုင်းကစပြီး ရိတ်သိမ်းဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ၁၂၀၇၆ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ သီးနှံအထွက်နှုန်းအနေနဲ့ကတော့ မြေပဲသီးနှံ တစ်ဧက ၅၄ ဒသမ ၃၂ တင်း၊ နှမ်းသီးနှံ တစ်ဧက ၈ ဒသမ ၁၂ တင်း၊ ပဲတီစိမ်းသီးနှံ တစ်ဧက ၁၉ ဒသမ ၃၂ တင်း၊ ကျွဲ၊ နွား တိရစ္ဆာန်အစာ တစ်ဧက ၂၃၃၀ထုံး၊ အခြားစားသုံးသီးနှံများဖြစ်တဲ့ ဟင်းသီးဟင်းရွက် တစ်ဧက ပိဿာ ၃၅၂၀၊ အုန်း ၄၁၆၂ ခိုင်၊ ငှက်ပျော ၁၄၃၂ ခိုင်၊ သစ်သီးပင် တစ်ဧက ၁၄၆၅၈ လုံး စိုက်ပျိုးထွက်ရှိပါတယ်။ မိုးသီးနှံများ သိမ်းဆည်းခြင်းနှင့်ပတ်သက်ပြီး အထွက်နှုန်း လျော့နည်းမှုတွေ မဖြစ်စေရေးအတွက် စနစ်တကျ သိမ်းဆည်းနိုင်ရန် ဒေသခံတောင်သူတွေကို အချိန်မီ သီးနှံရိတ်သိမ်းနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများ သီးနှံအထွက်နှုန်းတိုးတက်ကောင်းမွန်စေရန်အတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး၊ သဘာဝမြေသြဇာနှင့် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေး၊ အချိန်မီ သီးနှံရိတ်သိမ်းနည်းစနစ်များ သိရှိလိုက်နာနိုင်ရေး စသည့် တောင်သူပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)(၄၄၅)**



## မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ ညောင်လူးကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကိုကိုနှင့်ဝန်ထမ်းများက ကျောင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

ကျောင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၄၂ ဦးကို ငွေကျပ် ၈ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၀ ဦးကို ငွေကျပ် ၁၈ ဒသမ ၃သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၂ ဒသမ ၄ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်းအထိ ထုတ်ချေးပေးထားကြောင်း ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုထံမှ သိရသည်။

(ဝဲပုံ)

**နော်လူး**



# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ပြည်တွင်း ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဆက်လက်အရောင်းအဝယ်အေးနေ



ပြည်တွင်းဒေါ်လာဈေး တည်ငြိမ်နေပြီး ငွေဈေးကျဆင်းနေသောကြောင့် ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဆက်လက် ဈေးကျဆင်းနေကြောင်း ပဲ၊နှမ်းကုန်သည်များထံမှ သိရသည်။

ပြည်တွင်းဒေါ်လာဈေးမှာ သီတင်းတစ်ပတ်ခန့်ကျဈေးဖြင့် တည်ငြိမ်နေရာ စက်တင်ဘာ ၄ ရက်နေ့တွင် ဝယ်ရောင်းဈေး အမေရိကန်တစ်ဒေါ်လာလျှင် ငွေကျပ် ၅၆၀၀ ဝန်းကျင် ပြင်ပပေါက်ဈေးရှိနေပြီး ပို့ကုန်ပဲများအပါအဝင် ပြည်တွင်းသုံးကုလားပဲများ ဆက်လက်ဈေးကျဆင်းလာခြင်း ဖြစ်သည်။

မန္တလေးပဲ၊ နှမ်းကုန်စည်ဒိုင်တွင် ပွဲစားကုန်သည်များ အရောင်းအဝယ် ငွေပေးချေမှု၊ တင်ပို့စရိတ်များနှင့် ရက်ကြာမြင့်မှုများကြောင့် အရောင်းအဝယ်တစ်ခုနှင့်တစ်ခု လုပ်ငန်းပြီးမြောက်မှု နှေးလာသောကြောင့်လည်း ဈေးကွက်တစ်ခုလုံးခပ်အေးအေး ဖြစ်နေသည်။

ဒေါ်လာငွေဈေးအကျနှင့် တည်ငြိမ်နေသလို အရောင်းအဝယ် ငွေပေးချေမှုတွေမှာလည်း ရက်ကြာမြင့်မှုတွေရှိနေတော့ အရောင်းအဝယ်အေးသွားခြင်းဖြစ်ကြောင်း၊ လက်ရှိမှာ ပို့ကုန်ပဲတွေ ဈေးကျဆင်းတော့ အခြားပဲတွေလည်း လိုက်ပါကျဆင်းလာခြင်း ဖြစ်ကြောင်း၊ ပဲ၊ နှမ်းကုန်စည်ဒိုင်တွင် ပို့ကုန်ပဲများ အပါအဝင် ပြည်တွင်းသုံးကုလားပဲများပါ ဈေးသိပ်မပြတ်ဘဲ အရောင်းအဝယ်အေးကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

‘လက်ရှိဈေးကွက်မှာ ပို့ကုန်ပဲတွေ ဈေးကျဆင်းနေသလို ပြည်တွင်းသုံး ကုလားပဲတွေပါ ဈေးမပြတ်ဖြစ်နေတာပါ။ရန်ကုန်-မန္တလေး အရောင်းအဝယ်တင်ပို့မှုတွေမှာရော ငွေပေး၊ ငွေချေရာမှာပါ နှေးနေတော့ ပွဲစားကုန်သည်တွေ အလုပ်သိပ်မဖြစ်ဘူး။ ဒီတော့ ဈေးကွက်တစ်ခုလုံးက အေးနေတဲ့သဘော ဖြစ်နေတာပါ။ ပို့ကုန်ပဲစင်းငုံဆိုရင် တစ်အိတ် ငွေကျပ် ၅၀၀၀၀၀ အောက်ကျဆင်းသွားပါတယ်။ ပြည်တွင်းသုံး ကုလားပဲတွေလည်း ဈေးကျဆင်းနေပါတယ်’ဟု ၎င်းက ပြောသည်။

စက်တင်ဘာ ၅ ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၈၅၀၀၀(ဟောင်း)၊ မတ်ပဲ (ရွှေသွင်းသစ်)ငွေကျပ် ၃၆၅၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀ ပေါက်ဈေး ဖြစ်လာသည်။ **(အပေါ်ပုံ)**

ပြည်တွင်းသုံး ကုလားပဲ အုပ်စုမှာ ပို့ကုန်တင်ပို့မှု အဝယ်အေးသွားသောကြောင့် ဈေးနှုန်းအနည်းငယ် ဆက်လက်ဈေးကျဆင်းသွားရာ ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ ပေါက်ဈေးဖြစ်လာသည်။

မိုးမြေပဲများ ဒေသစုံ အဝင်များလာသော်လည်း ဈေးဆက်လက်ကျဆင်းမှုမရှိတော့ဘဲ ဈေးတည်ငြိမ်နေရာ စက်တင်ဘာ ၅ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ ပဲပုပ်(ရှမ်း) တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၈၈၀၀-၉၄၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းဈေးကွက်တွင် နှမ်းနက်တစ်မျိုးသာ ဈေးဆက်လက်မြင့်တက်နေပြီး အခြားနှမ်းများ ဈေးတည်ငြိမ်လျက်ရှိရာ စက်တင်ဘာ ၅ရက်တွင် နှမ်းမျိုးစုံပေါက်ဈေး အနည်းငယ်ကျဆင်းလာရာ နှမ်းနက်(စမုန်)တစ်အိတ်လျှင် ငွေကျပ် ၅၆၅၀၀၀၊ (အက်စ်စ်လွတ်) ၆၇၀၀၀၀၊ နှမ်းဖြူ(ဂျပန်)၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀၊ နှမ်းဖြူရိုးရိုးတစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ပန်းနှမ်းတစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။ **ရွှေမန်း**



## ပြည်တွင်းမှ စိုက်ပျိုးထုတ်လုပ်သည့် ထောပတ်သီး သုံးမျိုးအနက် ဗီယက်နမ်မျိုး ထောပတ်သီး ဈေးကောင်းရ

ပြည်တွင်း၌ ထောပတ်သီး စိုက်ပျိုးသည့် ဗီယက်နမ်မျိုးဖြစ်သော (034) ထောပတ်သီးမှာ တစ်ကီလိုလျှင် ငွေကျပ် ၇၀၀၀ ဝန်းကျင်ဖြင့် ဈေးကောင်းရနေကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း အတွင်းရေးမှူးက ပြောသည်။

စက်တင်ဘာလတွင် အမရာ ထောပတ်သီးမျိုးနှင့် ဘာဂေးနီးယားမျိုးထောပတ်သီးများ ဈေးကွက်သို့ စတင် ဝင်ရောက်လာပြီဖြစ်ပြီး Hass မျိုးထောပတ်သီးမှာ အောက်တိုဘာလကုန်လောက်တွင် ပေါ်မည်ဖြစ်သည်ဟု ဆိုသည်။

‘၁၂ ရာသီစားသုံးနိုင်ဖို့ ထောပတ်သီးစားနိုင်အောင် အသီးပေါ်ချိန်မတူတဲ့ ပြည်ပမျိုးတွေ ဖြစ်တဲ့ ဗီယက်နမ်မျိုး (034) ထောပတ်နဲ့ ထိုင်းမျိုး-ဘာဂေးနီးယားထောပတ်ပင်တွေ စိုက်ကြတယ်။ 034 ထောပတ်က အခုမှ စပေါ်တာဆိုတော့ ဈေးက ရှေ့ဆုံးကပြေးနေတယ်။ မြန်မာ့ရေမြေနဲ့ ကိုက်ညီပြီး အရသာကောင်းကြပါတယ်’ဟု ၎င်းက ပြောသည်။

လက်ရှိ ထောပတ်သီး ပေါက်ဈေးများအရ 034 ထောပတ်မှာ ငွေကျပ် ၇၀၀၀ ဝန်းကျင်၊ အမရာ ထောပတ်သီးမှာ ငွေကျပ် ၆၀၀၀ ဝန်းကျင်နှင့် ဘာဂေးနီးယားထောပတ်မှာ ငွေကျပ် ၅၀၀၀ ဝန်းကျင်ရှိပြီး လက်လီဈေးကွက်တွင် ယင်းဈေးနှုန်းများထက် ပိုမည်ဖြစ်ကြောင်း၊ လာမည့် အောက်တိုဘာလကုန်နှင့် နိုဝင်ဘာလဆန်းမှစ၍ Hass ထောပတ်သီးများ စားသုံးသူဈေးကွက်သို့ ဝင်ရောက်လာတော့မည် ဖြစ်သည်။

‘ဒီနှစ် ထောပတ်သီးအထွက်နှုန်းက အချို့ဒေသတွေမှာ ထွက်နှုန်းနည်းတယ်။ကျွန်တော့်ခြံမှာဆိုရင် အပင်အတွက် ဖြည့်ဆည်းရမယ့် အစာကျွေးတာ လျှော့လိုက်လို့ အထွက်နှုန်းထက်ဝက်လောက်ကျသွားတယ်။ ပြောရရင် သွင်းအားစုဈေးနှုန်းတွေ မြင့်လို့ လျှော့ချလိုက်တာရော မိုးကောင်းလွန်းတော့ မှီကျတာလည်းပါတယ်’ ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာ့ထောပတ်သီးကို ပြည်ပနိုင်ငံများမှ ဝယ်လိုအားရှိသော်လည်း ထွက်ရှိမှုနည်းပါးခြင်း၊ တင်ပို့သည့်စရိတ်ကြီးမြင့်ခြင်း၊ သိုလှောင်နိုင်သည့် အခြေခံအဆောက်အအုံများ လိုအပ်ခြင်းတို့ကြောင့် တင်ပို့နိုင်မှုနည်းပါးကြောင်း၊ အခြားနိုင်ငံများထက် ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့ရာ ၉၀ ရာခိုင်နှုန်းခန့်ရှိပြီး ဒူဘိုင်းနှင့် မလေးရှားနိုင်ငံများမှ ကမ်းလှမ်းမှုများလည်းရှိကြောင်း သိရသည်။

(အပေါ်ပုံ) (မန္တလေးနေ့စဉ်-၉)

## မိုးဖရဲစိုက်တောင်သူများ ပြည်တွင်းဈေးကွက်ကိုသာ အားထားရောင်းချနေရ

မိုးဖရဲစိုက်တောင်သူများ ပြည်တွင်းဈေးကွက်ကိုသာ အားထားရောင်းချနေရကြောင်း ဖရဲစိုက်တောင်သူများထံမှ သိရသည်။

လက်ရှိ မိုးဖရဲစိုက်တောင်သူများစိုက်ပျိုးထွက်ရှိသည့် ဖရဲသီးများကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခြင်းမရှိသေးဘဲ ရန်ကုန်၊ နေပြည်တော်၊ ဘားအံ၊ မော်လမြိုင် ဈေးကွက်များကိုသာ တင်ပို့ရောင်းချနေရကြောင်း၊ ထိုသို့ တင်ပို့ရောင်းချရာတွင်လည်း သယ်ယူပို့ဆောင်စရိတ်များ ကြီးမြင့်နေသောကြောင့် တောင်သူများ အကျိုးအမြတ် ရရှိသင့်သလောက် မရှိကြောင်း ဖရဲကုန်သည် ဦးသစ္စာက ပြောသည်။

‘လက်ရှိ မိုးတွင်းကာလဖြစ်လို့ ထိုင်းနိုင်ငံသို့ တင်ပို့နိုင်မှု မရှိသေးပါဘူး။ အသီးကားတွေ တိုက်ရိုက်မသွားနိုင်သေးတော့ ဘားအံကနေတစ်ဆင့် ကားလေးတွေနဲ့ ပြန်သယ်နေရတယ်။အသီးကားတွေက ရက်ကြာလို့မရတော့ ထိုင်းနိုင်ငံက ဝယ်လိုအားရှိပေမယ့် မတင်ပို့နိုင်သေးပါဘူး။ ကားခတွေကလည်း လမ်းကြောင်းတစ်လျှောက်မှာ မလိုလားအပ်တဲ့ လမ်းကြေးကောက်ခံမှုတွေကြောင့် ကားခတွေက ဈေးမြင့်သလို အသီးတင်ဖို့ ကားငှားရခက်လာတယ်။ ဒီတော့တောင်သူတွေက အကျိုးအမြတ်ရသင့်သလောက် မရဘဲ အပိုကုန်ကျစရိတ်တွေ များနေတာပါ’ဟု ၎င်းက ပြောသည်။

ပြည်တွင်းဈေးကွက်သာ တင်ပို့နေရသော်လည်း ဖရဲသီးတင်ကားခတွေနှင့် အပိုကုန်ကျစရိတ်များကြောင့် တောင်သူတွေက အကျိုးအမြတ်မကျန်ရှိဘဲ အမြတ်အနည်းငယ်သာ ရရှိနေခြင်းဖြစ်သည်။

မိုးဖရဲစိုက်ပျိုးသည့် မုံရွာ-ချောင်းဦးဒေသကနေ ရန်ကုန်ကို ၁၂ဘီးကားခ ငွေကျပ် သိန်း၃၀ ကျော်၊ သဲတော-ဝမ်းတွင်းဒေသကနေ ရန်ကုန်ကို ကားခ ငွေကျပ် သိန်း ၂၀ ကျော်ပေးရသည့်အပြင် စစ်ကိုင်းကံတလူဂိတ်မှ စစ်ကိုင်းတံတားကြားတွင် အသီးကားများ အနေဖြင့် အပိုကုန်ကျစရိတ် ငွေကျပ် ၄-၅သိန်းခန့် ကုန်ကျနေကြောင်း အသီးကားမောင်းသည့် ယာဉ်မောင်းတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် ဖရဲကား ၁၂ဘီးကားတစ်စီးလျှင် ရန်ကုန်အရောက် အသီးဈေးမှာ ငွေကျပ် သိန်း ၆၀ ကျော် ရရှိသော်လည်း သယ်ယူတင်ပို့စရိတ်မြင့်မားနေခြင်းကြောင့် အကျိုးအမြတ်နည်းပါးနေခြင်း ဖြစ်သည်။

ရန်ကုန်ဈေးကွက်တွင်လည်း မိုးတွင်းကာလ အသီးစားသုံးမှု နည်းပါးနေသေးကြောင်း၊ လာမည့် အောက်တိုဘာလတွင် ပြည်တွင်းစားသုံးမှု မြင့်မားလာမည်ဖြစ်သည်။

သယ်ယူပို့ဆောင်ခများအပြင် စိုက်ပျိုးစရိတ်နှင့်သွင်းအားစုများလည်း ဈေးမြင့်တက်နေသောကြောင့် လာမည့် ဆောင်းစိုက်ရာသီတွင် ဖရဲစိုက်တောင်သူများအနေဖြင့် ဈေးကွက်အခြေအနေကို ချိန်ဆစိုက်ပျိုးသင့်ကြောင်း သိရသည်။

(အောက်ပုံ)

ရွှေမန်း



# ဥပဒေပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ် (၅/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ကျိုင်းတုံ စက်တင်ဘာ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်ဥပဒေရုံးနှင့် ကျိုင်းတုံ ပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းကျင်းပသည့် ဥပဒေပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၅/၂၀၂၄) သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ကျိုင်းတုံပညာရေး ဒီဂရီကောလိပ် ပညာဗိမာန်ခန်းမတွင် ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက သင်တန်းတက်ရောက်ကြသည့် ပညာရေးဝန်ထမ်းများ ဖြစ်လာမည့် သင်တန်းသား၊ သင်တန်းသူများ နေဖြင့် ဥပဒေဆိုင်ရာ အသိပညာများ သိရှိနားလည်ပြီး မိမိတို့ တာဝန်ကျရာဒေသများတွင် လူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများအား ဥပဒေဆိုင်ရာနှင့် ပတ်သက်သည့် အကြောင်းအရာများကို ပြန်လည်မျှဝေသင်ကြားပေးနိုင်ရန်နှင့် သိရှိလိုက်နာလာစေရန်အတွက် သင်တန်းမှပို့ချသည့် ဘာသာရပ်များကို လေ့လာမှတ်သားကြရန် ပြောကြားခဲ့သည်။ ထို့နောက် ကျိုင်းတုံခရိုင်ဥပဒေအရာရှိ ဦးဝင်းမောင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ ကျိုင်းတုံ ပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား၊ သင်တန်းသူ ၁၇၈ ဦး တက်ရောက်ပြီး စက်တင်ဘာ ၄ ရက်မှ ၆ ရက်အထိ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေ စသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ခရိုင်အဆင့်နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

**အောင်လံ စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက အောင်လံခရိုင်အထွေထွေ စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီအဖွဲ့ဝင်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြပြီး အောင်လံခရိုင်၊ သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းက အဖွင့်အမှာစကား ပြောကြားရာတွင် သင်တန်းက ဆွေးနွေးပို့ချချက်များနဲ့ မိမိတို့၏ အတွေ့အကြုံများနဲ့ပေါင်းစပ်ပြီး မြေပြင်အခြေအနေနဲ့ ကိုက်ညီအောင် အကောင်းဆုံးဆောင်ရွက်ဖို့ နည်းပြ ဆရာ၊ ဆရာမများနဲ့ သင်တန်းကာလမှာ အပြန်အလှန်ဆွေးနွေးသွားရမည်ဖြစ်ကြောင်း တိုက်တွန်း မှာကြားခဲ့သည်။

ထို့နောက် သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များတွင် ပါဝင်သောသင်တန်းသားများက တစ်ဦးချင်း မိတ်ဆက်ခဲ့ပြီး တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် သင်တန်းသားများ စုပေါင်းအမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၃ ရက်မှ ၁၄ ရက်ထိ ၁၀ ရက်အကြာ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**



# စာဖတ်ရိုန်မြှင့်တင်ရေး နယ်လှည့်ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**စဉ့်ကိုင် စက်တင်ဘာ ၅**

ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော်အတွက် အကျိုးပြုမည့် အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာစေရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နှုတ်မှုစွမ်းရည်များ တိုးတက်လာစေရန်၊ လူအများအလယ်တွင် ရဲဝံ့စွာ ပြောဆိုတတ်စေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာပြီး စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်လာစေရန် စသည်တို့ကို ရည်ရွယ်ကာ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အ·မ·က(သင်္ဂတုံ)တို့ ပူးပေါင်း၍ သင်္ဂတုံကျေးရွာ ဘဝအလင်းသစ် စာကြည့်တိုက်၌ စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက စာဖတ်ရိုန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ကဗျာရွတ်ပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းခဲ့ပြီး စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နှင်းအိအိခိုင်က ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းခဲ့ကြသည်။ ဆက်လက်ပြီး အ·မ·က(သင်္ဂတုံ)မှ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးတို့က မိမိတို့ နှစ်သက်ရာ ခေါင်းစဉ်များဖြင့် ကဗျာရွတ်ပြိုင်ပွဲတွင်လည်းကောင်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများတွင်လည်းကောင်း အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်းနှင့် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဦးစီးအရာရှိက ကျောင်းသုံး ဗလာစာအုပ်၊ ခဲတံဘူး၊ ရောင်စုံခဲတံနှင့် ဆေးရောင်ခြယ်စာအုပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

(၃၉၉)



ဖတ်စရာ၊ မှတ်စရာ စုံလင် ပန္နရေး

## အားထုတ်ကြရန် သတိပဋ္ဌာန်

* ဇာတိ ဇရာ ၊ ဤခန္ဓာသည်
မှန်စွာမမြဲ ၊ ဖြစ်ပျက်ဆဲမို့
စိတ်ထဲမှတ်ခါ ၊ မတွယ်တာနှင့် ။

* နောင်လာဘဝ ၊ တွေ့ကြုံရလည်း
ခန္ဓာ့ ဖြစ်အင်၊ ဖြစ်ပျက်ပင်မို့
ရချင်စိတ်က ၊ မတောင့်တနှင့် ။

* ကြောင့်ကြမဲ့စွာ ၊ ဝိပဿနာဖြင့်
ခန္ဓာကိုပင် ၊ သတိယှဉ်၍
တွင်တွင်ကြိုးစား ၊ ကျင့်ဆောင်ပွား ။

* ကျင့်ပွားကြိမ်ဖန် ၊ အာစိဏ္ဏကံကြောင့်
ဖောက်ပြန်စိတ်စွဲ ၊ အယူလွဲသည့်
အောက်ဆွဲ ပါယ်ရွာ ၊ ဖြစ်မလာ ။

* အယူလွဲမှား ၊ ပါယ်မလားလျှင်
ကြိုးစားကျင့်ရာ ၊ ဘာဝနာကြောင့်
နတ်ရွာ လူထဲ ၊ ဂတိမြဲ၏ ။

* မီးလောင်လေမှ ၊ ရေကိုတက
မရဖြစ်အင် ၊ တွေးရှုယှဉ်၍
မဂ္ဂင် သန္ဓေ ၊ တည်အောင်နေသင့် ။

* သေဝ သေတွင်း ၊ ကျရောက်လျှင်းသော်
ကျင့်ခြင်းမဂ္ဂင် ၊ ကယ်တင်ရှင်ကြောင့်
ဘဝင်ချမ်းမြ ၊ မင်္ဂဖိုလ်ရလိမ့် ။

* ထိုသို့အခြေ ၊ မဖြစ်လေမူ
စုတေခဏ ၊ နတ်ဘဝနှင့်
အေးမြရောင်ဆိုင် ၊ မဂ်လှမ်းကိုင်၏။

* ဤနယ်ဆိုထား ၊ မြတ်တရားသည်
ကျင့်ပွားမှန်စွာ ၊ အားကိုးရာမို့
ခါခါထပ်ထပ် ၊ အားထုတ်အပ်၏ ။ ။

ပန်းသစ္စာ (ပုသိမ်ကြီး)

## သတင်းပစ္စေဒ

### အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့တွင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီခွဲက မိုင်းပါလှိုအုပ်စု၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်များ ပြသ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့တွင် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၄ရက် နံနက် ၁၀နာရီက စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲ ပြသခြင်းကို မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### ကာယဆိုင်ရာပြိုင်ပွဲများ ကျင်းပ

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ စာအုပ်၊ စာပေများ လေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ အသုံးချမှုဝေနိုင်ရန် ရည်ရွယ်၍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၏ ကဏ္ဍတစ်ရပ်ဖြစ်သည့် ကာယဆိုင်ရာပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ဒက္ခိဏသီရိမြို့နယ်၊ အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ၂၀၂၄ ခုနှစ် မိုးရာသီလူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက အမှတ် (၅) ကျေးရွာအုပ်စု၊ ကျီးအစ်ကျေးရွာအနီး၊ နမ့်စန်-ပန်လင်းဆိုင်သွားကားလမ်းမဘေးရှိ မြေကွက်လပ်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### မျောက်ကျောက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ Mpox (မျောက်ကျောက်ရောဂါ) ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### ဘာသာရပ်ပေါင်းစုံ စာမေးပွဲများ ဖြေဆို

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့တွင် (၂၀၂၄-၂၀၂၅) ပညာသင်နှစ် ဗန်းမော်တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် (ဗန်းမော်)နှင့် နည်းပညာတက္ကသိုလ် (ဗန်းမော်)တို့၏ ပထမနှစ်ဝက်နှင့် ဒုတိယနှစ်ဝက်ဘာသာရပ်ပေါင်းစုံ စာမေးပွဲများကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက ဖြေဆိုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

## ဓနုဒေသ ပင်းတယမြို့၏ (၄၂) ကြိမ်မြောက် မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ပင်းတယ စက်တင်ဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၌ မြို့ပေါ် ဘုန်းတော်ကြီးကျောင်း ၂၁ ကျောင်းမှ သာသနာ့အကျိုးသယ်ပိုးလျက်ရှိသော သံဃာတော်များအား သာသနာပြုနိုင်ရန် ကုသိုလ်ပြုလှူဒါန်းပေးကြသည့် နှစ်စဉ်ကျင်းပမြဲ(၄၂) ကြိမ်မြောက် မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ယမန်နေ့ မွန်းတည့် ၁၂နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဓနုဒေသ ပင်းတယမြို့၏ ရှေးရိုးအစဉ်အလာမပျက် မြို့လုံးကျွတ်ကောက်ဦးစပါးနှံဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြို့ပေါ်ကျောင်းတိုက် ၂၁ကျောင်းမှ ရဟန်းရှင်သာမဏေ ၃၃၅ ပါးနှင့်သီလရှင်ကျောင်းမှ သီလရှင်အပါး ၃၀ တို့က အလှူခံကြွရောက်တော်မူကြကြောင်းနှင့် မိဘပြည်သူများကလည်း သံဃာတော်များအား နဝကမ္မအလှူတော်ငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုးတို့ကို စိတ်စေတနာသုံးပါးဖြင့် ဆက်ကပ်လောင်းလှူခြင်းပြုကြ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၃၃၈)**

---

## မင်္ဂလာအခမ်းအနားများနှင့် ဆက်စပ်လုပ်ကိုင် အသက်မွေးဝမ်းကျောင်းပြုခဲ့ကြသော အသက်(၆၅)နှစ်အထက် သက်ကြီးပညာရှင်များအား သတ္တမအကြိမ်မြောက် ပူဇော်ကန်တော့

**မန္တလေး စက်တင်ဘာ ၅**

သတ္တမအကြိမ်မြောက် မင်္ဂလာအခမ်းအနားများနှင့် ဆက်စပ်လုပ်ကိုင်အသက်မွေးကျောင်းပြုခဲ့ကြသော အသက် ၆၅ နှစ်အထက် သက်ကြီးပညာရှင်ကြီးများအား ဂါရဝတရားဖြင့် ပူဇော်ကန်တော့ပွဲကို စက်တင်ဘာ ၄ ရက် ညနေပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ Oriental House ခန်းမတွင် ကျင်းပသည်။



ကန်တော့ပွဲအခမ်းအနားတွင် သက်ကြီးကန်တော့ခံ ၃၆ ဦးအား သီဟသုဓမ္မမဏိဇောတဓရ ဒီဇိုင်နာ မျိုးမင်းစိုး၊ ဒီဇိုင်နာ တင်မောင်ခိုင်၊ မျိုးဆက်သစ် လုပ်ဖော်ကိုင်ဖက်များက ကန်တော့ခံစင်မြင့်သို့ နေရာချထားခြင်း၊ သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး သုဓမ္မမဏိဇောတဓရ ဒီဇိုင်နာ ထွန်းထွန်းလင်းက ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ကျေးဇူးတင်စကားကို ပြောကြားပြီး ကန်တော့ခံ သက်ကြီးပညာရှင်များ ကိုယ်စား နာယက မာမီပုလဲက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ကွယ်လွန်သွားကြသော သက်ကြီးကန်တော့ခံပညာရှင်များအား တစ်မိနစ် ငြိမ်သက်စွာ ဆုတောင်းခြင်း၊ သုဓမ္မဇောတဓရ ဒီဇိုင်နာထွန်းထွန်းလင်းက ကန်တော့ချီးကို တိုင်ပေးရာ မျိုးဆက်သစ်ပညာရှင်များက ကန်တော့ငွေနှင့်လက်ဆောင်ပစ္စည်းများဖြင့် ပေးအပ်ကန်တော့ကြပြီး ဧည့်ခံဆိုင်းအဖြစ် ရွှာစားကျော်ပစ်တိုင်းထောင်၊ တေးသံရှင်များဖြစ်ကြသည့် ရွှေမင်းသမီး နန်းခင်မွေး၊ မိုးထက်မြင့်၊ နီနီ၊ ဇူလိုင်ဝင့်ထည်တို့က ဧည့်ခံသီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**(ဓဲပုံ)**

**(၀၇၀)**

---

## မွေးကင်းစကလေးကုသဆောင်ရှေ့တွင် ဆန်ပြုတ်အာဟာရဒါနအလှူ ပြုလုပ်

**မန္တလေး စက်တင်ဘာ ၅**

မန္တလေး၊ ၆၆လမ်း၊ ၂၇လမ်းထောင့် ခုတင်၅၅၀ဆံ့ ကလေးဆေးရုံကြီးမွေးကင်းစကလေး ကုသဆောင်ရှေ့တွင် ယမန်နေ့ ညနေ ၄ နာရီက အတ္တမဲ့နှလုံး လှုပရဟိတလူငယ်များအသင်း မြောက်ပြင်မန္တလေးမှ ဆန်ပြုတ်အာဟာရဒါနအလှူ ပြုလုပ်ခဲ့သည်။

အဆိုပါအသင်းမှာ စေတနာသဒ္ဓါထက်သန်စွာဖြင့် ဆန်ပြုတ်ဆန် ၁ တင်း ၅ ပြည်၊ ကြက်သား ၅ပိဿာ၊ ကြက်ဥအလုံး ၃၀၀ ဖြင့် ခုတင်၅၅၀ဆံ့ကလေးဆေးရုံကြီး မွေးကင်းစကလေးကုသဆောင်ဖျားနာဆောင်ရှေ့တွင် ဆေးရုံတက်ရောက်ကုသလျက်ရှိသည့်ကလေးသူငယ်များ၊ ကျန်းမာရေးစောင့်ရှောက်နေသော မိဘပြည်သူများကို အာဟာရဒါနဆန်ပြုတ် အလှူပြုလုပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၃၉၃)**





## စားသုံးဆီအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**အောင်လံ စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရေးအတွက် ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့မဈေးအပြင်ရှိ မိဘဂုဏ်ဆီစက်နှင့် သီးနှံစုံရောင်းဝယ်ရေးကုန်စုံဆိုင်၌ ရောင်းချပေးလျက်ရှိသည်။

အဆိုပါ စားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် ဆင်ပေါင်ဝဲမြို့၌ ရပ်ကွက်(၃)ရပ်ကွက်ရှိပြီး အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်တွင် နေထိုင်လျက်ရှိသော ပြည်သူများကို အိမ်ထောင်စုတစ်စုလျှင် တစ်ပိဿာနှုန်းဖြင့် ကာလပေါက်ဈေးထက် ဈေးနှုန်းလျှော့ချကာ စားသုံးဆီတစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ပူးပေါင်းကြီးကြပ်၍ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

**ခနို့ဝင်း(ဆင်ပေါင်ဝဲ)**

# ရေးကြသည် ရွေးကြသည် ဆိုရာဝယ်

နိုင်ဗလ

စာအုပ်တစ်အုပ်၊ ဆောင်းပါးတစ်ပုဒ်၊ ခေါင်းကြီးတစ်ပုဒ် စသည်ဖြင့် ရေးတော့မည်ဆိုလျှင် အကြောင်းအရာတစ်ရပ်ရပ်ကို ဦးစွာ ရွေးချယ်ရသည်မှာ ဓမ္မတာ။ ထို့သို့ ရွေးချယ်ပြီးသည်နှင့် ထိုအချက်အလက်ကို တင်ပြခြင်း၊ သုံးသပ်ခြင်းများ ဆောင်ရွက်ရတော့မည်ဖြစ်၏။ မိမိရရှိထားသော အကြောင်းအရာအချက်အလက်ကို စုံလင်စွာ ရရှိပြီး မိမိကိုယ်တိုင်သိပြီးမှ သုံးသပ်ချက်ကို ဆက်နိုင်မည်။ သုံးသပ်ချက်ကို ရပြီဆိုက အများပြည်သူ၊ စာဖတ်သူတို့ကို နားလည်အောင် ရေးသားတင်ပြတတ်မှုဖြင့် အလေ့အကျင့်ရှိပြီးသော စာရေးဆရာ၊ သတင်းစာဆရာတို့က အဆုံးသတ်သည်။ ထိုမှသာ ကောင်းမွန်သော စာအုပ်တစ်အုပ်၊ ဆောင်းပါးတစ်ပုဒ်၊ ခေါင်းကြီးတစ်ပုဒ်ဟူ၍ ဖြစ်တည်လာနိုင်ပေသည်။

စာအုပ်တစ်အုပ်၊ ဆောင်းပါးတစ်ပုဒ်၊ သတင်းဆောင်းပါးတစ်ပုဒ်၊ ခေါင်းကြီးတစ်ပုဒ်ကို ရေးသားရာတွင် စာဖတ်ပရိသတ်အား အသိပေးရန်၊ ဩဇာဖြင့် ပဲ့ကိုင်ရန်၊ ဖတ်ပျော်စေရန်၊ တွေးတောတတ်စေရန်၊ ထင်မြင်ချက်ကို မြင်စေရန် ရည်ရွယ်၍ ရေးသားရခြင်းဖြစ်သည်။

သတင်းတိုင်းတွင် ဖြစ်ပွားသည့်သတင်းနှင့် ပတ်သက်၍ မည်သို့ထင်မြင်မိသည်။ မည်သို့ပြုသင့်သည်များကို စာဖတ်ပရိသတ်က သိချင်မြဲဖြစ်သည်။ သတင်းဆောင်းပါးဆိုသည်မှာ ထိုအချက်များကို ဖြေကြားထားသည့် စာတမ်းငယ်တစ်စောင်ပင်ဖြစ်သည်။ သတင်းဆောင်းပါးကဲ့သို့ပင် ဆောင်းပါး၊ စာအုပ်တို့သည်လည်း အကြောင်းအရာတစ်ရပ်ရပ်ကို တင်ပြထားခြင်းဖြစ်သည်။ ထိုအကြောင်းနှင့်သက်ဆိုင်သော ထင်မြင်ချက်၊ မည်သို့ပြုသင့်သည် ဟူသည့် အကြံပေးချက်တို့ကို တင်ပြရသည်။ အရေးအကြီးဆုံးမှာ အချက်အလက်များ စုံလင်ရေးနှင့် မှန်ကန်ရေးပင်ဖြစ်သည်။

သတင်းဆောင်းပါးတွင် အသိပေးလိုသည့် မက်ဆေ့ချ်ကို ခေါင်းစဉ်တင်လေ့ရှိကြသည်။ ခေါင်းစဉ်၏ ရည်ရွယ်ချက်ရောက်အောင် အရေးအသား အချက်အလက်တို့ဖြင့် ပို့ဆောင်ပေးရသည်။ ပို့ဆောင်သော အချက်အလက်များတွင် အဓိကအချက်အလက်နှင့် အခြံအရံအချက်အလက်ဟူ၍ ခွဲခြားရပေမည်။ အခြံအရံအချက်အလက်သည် အစအဆုံး တိတိကျကျ ပြည့်ပြည့်စုံစုံဖြစ်ရန် မလိုအပ်ပေ။

အင်္ဂလန်မှ ကမ္ဘာကျော်သတင်းစာဆရာတစ်ဦးက ဆောင်းပါးနှင့်ပတ်သက်၍ -

- မိမိမယုံကြည်လျှင် မရေးပါနှင့်
- ပြဿနာနှင့်မဆိုင်သော စကားလုံးမျိုး တစ်လုံးမျှ အပိုမပါစေနှင့်
- အချက်အလက်ပေါင်းမြောက်မြားစွာ ထည့်သွင်းမရေးနှင့်

(ပိုင်ဆိုင်သော အချက်သာ ထည့်သွင်းသင့်)

- ပြင်းထန်လွန်းစွာ မဝေဖန်နှင့်

(ကိုယ့်ဖက်က အနိုင်ရချိန်မှာ ခွေးပိန်မကို တိုင်မှာ ချည်ပြီး ရိုက်လျှင်တောင်မှ ရိုက်လွန်းလျှင် ပြန်ကိုက်တတ်သည်ဟု ဆရာကြီး သခင်ကိုယ်တော်မှိုင်းက မိန့်ဖူးသည်။)

- ဝါးလုံးရှည်ဖြင့် မရမ်းရ။
- မသိသောအကြောင်းအရာ မရေးနှင့် ဟု မှာကြားထားခဲ့သည်။

ရေးသားမည့် ဆောင်းပါးအတွက်၊ စာအုပ်အတွက်၊ ခေါင်းကြီးအတွက် အချက်အလက်များကို နည်းနှစ်နည်းဖြင့် ရှာဖွေနိုင်သည်။

- ကိုယ်တွေ့ စုံစမ်းခြင်း
- စာတွေ့စုံစမ်းခြင်းတို့ ဖြစ်သည်။

ကိုယ်တွေ့စုံစမ်းမှုသည် ကွင်းဆင်းစုံစမ်းခြင်းပင် ဖြစ်သည်။ ဆောင်းပါးရေးသူ၊ စာအုပ်ရေးသူသည် သတင်းထောက်တစ်ဦးသဖွယ် အချက်အလက်များကို ရှာဖွေစုဆောင်းတတ်ရသည်။

တစ်ဖန် စာတွေ့စုံစမ်းခြင်းမှာ အချက်အလက်များကို စာအုပ်စာစောင်လမ်းညွှန်များတွင် ရှာခြင်းဖြစ်သည်။

ယခုခေတ်တွင် လွယ်ကူလှပေ၏။ အင်တာနက်၏ တန်ခိုးဖြင့် တစ်ထိုင်တည်း၌ပင် များစွာ အချက်အလက်စုဆောင်းမိနိုင်သည်။ ကိုယ်တွေ့နှင့်စာတွေ့ ပူးပေါင်း၍ အချက်အလက်များ ရှာဖွေမှုသည် ပို၍ ပြည့်စုံသည်။ စာတွေ့၏ အကျိုးမှာ ဆောင်းပါး အရည်အသွေးကို ပိုမို၍ မြင့်တက်လာစေသည်။

ကိုယ်တွေ့လေ့လာရေးဆောင်းပါးများမှာမူ သတင်းဆောင်းပါးကဲ့သို့မဟုတ်ဘဲ ရသစာပေဆောင်းပါးမျိုးဖြစ်သင့်သည်။ ကိုယ်တွေ့လေ့လာရေးဆောင်းပါးသည် ပုပ်လွယ်သိုးလွယ်သော ဆောင်းပါးမျိုးမဖြစ်စေဘဲ ကြာရှည်တည်မြဲမည့် ရသစာပေ ဆောင်းပါးမျိုး ဖြစ်ရပေမည်။

စာဖတ်သူနှင့် ဆက်စပ်၍ အာဖရိကမှ ကပ္ပလီလူမျိုး Prince Modupe ဆိုသူသည် ခရစ်ယာန်ဘုန်းတော်ကြီး၏ စာအုပ်စင်မှ စာအုပ်တို့ကိုဖတ်၍ ဤသို့ အသိဝင်ခဲ့သည်ဟု ဆိုသည်။

"စာရွက်ပေါ်က အမှတ်အသားတွေဟာ ထောင်ချောက်မိနေတဲ့ စကားလုံးတွေပါကလား။ ဒီအမှတ်အသားတွေကို အဓိပ္ပာယ်ဖော်နိုင်ရင် နှောင်ကြိုးတဲ့ ခံနေရတဲ့စကားလုံးတွေဟာ စကားသံတွေ ဖြစ်လာမှာပါကလား။ စာရွက်ပေါ်က မင်တွေဟာ နှောင်ကြိုးတွေ ပါကလား" ဟု သိမြင်ပြီး စာအုပ်မှ စကားသံများကို နားထောင်တတ်ခဲ့သည်ဟု ဆိုသည်။

စာပေများကို ဖတ်ရှုသူမှ စွဲရန်၊ အသုံးဝင်ရန်၊ အတွေးအမြင်ရရန်၊ သိရန်အတွက် ရေးသူတွင် တာဝန်များစွာရှိနေသည်ကို သတိပြုသင့်ပေသည်။ မိမိ၏ ရေးသားမှုအတွက်လည်း မိမိတွင် တာဝန်အပြည့်ရှိသည်ဟု မှတ်ယူထားရပေမည်။

ယနေ့ခေတ် ဆောင်းပါးဆရာများထဲမှ အနည်းငယ်သော သူတို့သည် ရေးသားသောစာနှင့်ပတ်သက်၍ တာဝန်ယူမှုလည်း အားနည်းသည်။ အယ်ဒီတာထံပို့ရာတွင်ပင် ဆောင်းပါးအား တည်းဖြတ်နိုင်ရန် ကွက်လပ် (ဥပမာ-စာမျက်နှာ၏ လေးပုံသုံးပုံသာရေးခြင်း)၊ မိမိ၏ စာမူအတွက် တာဝန်ယူကြောင်း၊ လိုအပ်သလို တည်းဖြတ်နိုင်ကြောင်း၊ လိပ်စာ၊ အမည်ရင်း၊ ကလောင်အမည် စသည်ဖြင့် ပြင်ဆင်ပေးပို့ရကောင်းမှန်းပင် မသိကြတော့။ ကလောင်နာမည်ပါလျှင် ပြည်စုံသည် ထင်ကြသည်။ အရေးကြီးသတင်းဆောင်းပါး အချက်အလက်များနှင့်ပတ်သက်၍ အခြားသူတစ်ဦးက ထိုကလောင်အမည် ယူ၍သုံးက မည်သို့ဖြေရှင်းမည်နည်း။ ထိုအခြေခံအချက်ကိုပင် မလိုက်နာကြတော့သည်ကို တွေ့နေရသည်။ ထိုအခြေခံအချက်များ မပြည့်စုံလျှင် သက်ဆိုင်ရာ အယ်ဒီတာက ထိုစာမူကို ပယ်နိုင်သည်ဟု မသိသည်လား။ အလေးမထားသည်လား မဆိုနိုင်၊ တည်းဖြတ်လျှင်ပင် တည်းဖြတ်သော အယ်ဒီတာအား တုန့်ပြန်ဝေဖန်ခြင်း၊ ထိုအယ်ဒီတာအား လွှမ်းမိုးနိုင်သော၊ ဩဇာညောင်းသော ရာထူးရာခံရှိသူ အထက်အရာရှိသို့ တိုင်ကြားခြင်း၊ ဖိအားပေးစေခြင်းတို့ ဆောင်ရွက်ကြသည်ကို တွေ့မြင်ရပေသည်။

> စာပေတိုက်တိုင်းတွင် တိုက်သုံးဟန် ဆိုသည်ရှိပြီး ဖြစ်သည်။ တိုက်သုံးဟန်သည် ထိုစာပေတိုက်၏ အသက်သွေးကြော ဥပဒေသပင် ဖြစ်သည်။ ထို့ကြောင့် စာပေတိုက်များသို့ ရေးသားပေးပို့သူများအနေဖြင့် သက်ဆိုင်ရာ စာပေတိုက်၏ တိုက်သုံးဟန်နှင့် အာဘော်သဘာဝကို အကြမ်းအားဖြင့် သိထားသင့်သကဲ့သို့ စာပေတိုက်မှ တာဝန်ရှိသူများကလည်း 'တိုက်သုံးဟန်' သဘော စောကြော၍ အဂတိတရားကင်းရန် အရေးကြီးကြောင်း မီးမောင်းထိုးပြရပေသည်။

ယနေ့ခေတ်တွင် စာရေးမည်ဆိုက စာပေရေးသားခြင်း အတတ်ပညာထက် ဘယ်လူကြီးနှင့် ဘယ်လိုပိုင်သည်ဆိုသည့်အချက်လည်း အရေးကြီးသည်ဟု ထင်လာကြသည်။ သတင်း၊ ဆောင်းပါး၊ စာမူတို့ကို သက်ဆိုင်ရာစာပေတိုက်သို့ မပို့၊ သက်ဆိုင်ရာအယ်ဒီတာထံသို့ ပို့ဆောင်သောနည်း မသုံးကြတော့။ အထက်မှတစ်ဆင့်လာသော စာမူဖြစ်သဖြင့် သုံးစွဲမည်ဟုသာ တစ်ထစ်ချမှတ်ယူ၍ အောက်လမ်းနည်း သုံးစွဲလာကြသည်။ အဆင့်ဆင့်သောလူကြီးများကလည်း သက်ဆိုင်ရာဌာနလုပ်မည့်အလုပ်ကို ကြိုတင်ရွေးချယ်ညွှန်ကြားခြင်း(အထူးကိစ္စများမှလွဲ၍)များ ပြုလုပ်မှု လွန်ကဲလာပါက အောက်ခြေဌာနများ အဆင့်ဆင့်တာဝန်ယူ၊ စိစစ်၊ စေတနာထားမှု နည်းလာတတ်သည်ကို ဂရုပြုသင့်ပေသည်။ အထက်ကဖတ်ပြီး ပေးပို့သည့် စာမူဖြစ်သဖြင့် မူဝါဒ၊ အကြောင်းအရာများကို အကြမ်းဖျဉ်းသာ စစ်ဆေး၍ ပေါ့ပေါ့တန်တန် ဆောင်ရွက်တတ်လာကြသည်။ ထို့ကြောင့် မမှားသင့်၊ မဖြစ်သင့်သည်တို့ ဖြစ်ခဲ့သည့်သာဓကများ ရှိခဲ့ဖူးသည်။

မည်သည့် စာပေတိုက်တွင်မဆို စာမူစိစစ်ရွေးချယ်ခြင်းကို သက်ဆိုင်ရာအယ်ဒီတာအဖွဲ့ကသာ ဆောင်ရွက်ရသည်။ စာမူရွေးချယ်စိစစ်မှု မူဝါဒကို မနှစ်သက်ပါက ထိုစာပေတိုက်သို့ စာမူမပို့ဘဲ နေရန်သာဖြစ်သည်။ မိမိတို့ ငယ်စဉ်ကတည်းက စာပေပုံစံအမျိုးမျိုးကို စာပေတိုက်များသို့ ပို့ခဲ့ဖူးသည်။ ရွေးလျှင်ကျေနပ်သည်။ မရွေးချယ်လျှင် ထပ်၍ကြိုးစားသည်။ ပယ်လျှင်လည်း ကျေနပ်ခဲ့သည်။ ပြောပိုင်ခွင့်မရှိကြောင်းလည်း သိရှိပြီး ဖြစ်ပေသည်။

> မည်သည့် စာပေတိုက်တွင်မဆို စာမူ စိစစ်ရွေးချယ်ခြင်းကို သက်ဆိုင်ရာအယ်ဒီတာအဖွဲ့ကသာ ဆောင်ရွက်ရသည်။ စာမူရွေးချယ်စိစစ်မှု မူဝါဒကို မနှစ်သက်ပါက ထိုစာပေတိုက်သို့ စာမူမပို့ဘဲ နေရန်သာဖြစ်သည်။ မိမိတို့ ငယ်စဉ်ကတည်းက စာပေပုံစံ အမျိုးမျိုးကို စာပေတိုက်များသို့ ပို့ခဲ့ဖူးသည်။ ရွေးလျှင်ကျေနပ်သည်။ မရွေးချယ်လျှင် ထပ်၍ကြိုးစားသည်။ ပယ်လျှင်လည်း ကျေနပ်ခဲ့သည်။ ပြောပိုင်ခွင့်မရှိကြောင်းလည်း သိရှိပြီး ဖြစ်ပေသည်။

မည်မျှကောင်းသည့် စာမူများဖြစ်စေ အယ်ဒီတာအဖွဲ့က သုံးဖြစ်ချင်မှသုံးဖြစ်မည် ဖြစ်သည်။ အခြားသောစာရေးသူများ၏ စာမူများလည်း အလှည့်ကျ ရသစုံအောင် ထည့်သွင်းရသေးသည်။ တစ်ဦးတည်းပိုင်ကဲ့သို့ တစ်ဦးတည်း၏ စာမူများ ထည့်သွင်းဖော်ပြခြင်း မပြုအပ်ပေ။ ပင်တိုင်အတွက်မူ ကဏ္ဍတစ်ခုလျှင် တစ်ဦးခန့်သာ သုံးစွဲတတ်သည်ကို သတိပြုရမည်ဖြစ်သည်။ စာပေလောကတွင် မိမိစာပေတိုက်အား မမှန်ကန်သောစေတနာဖြင့် ဝေဖန်တိုက်ခိုက်နေသူ၏ စာမူကို သုံးလေ့မရှိ။ ထိုသို့ တိုက်ခိုက်သူကလည်း အခြားစာပေတိုက်တွင်သာ ရေးကြသည်ကို ဂရုပြုရမည်ဖြစ်သည်။

စာပေတိုက်တိုင်းတွင် တိုက်သုံးဟန် ဆိုသည်ရှိပြီး ဖြစ်သည်။ တိုက်သုံးဟန်သည် ထိုစာပေတိုက်၏ အသက်သွေးကြော ဥပဒေသပင်ဖြစ်သည်။ ထို့ကြောင့် စာပေတိုက်များသို့ ရေးသားပေးပို့သူများအနေဖြင့် သက်ဆိုင်ရာ စာပေတိုက်၏ တိုက်သုံးဟန်နှင့် အာဘော်သဘာဝကို အကြမ်းအားဖြင့်သိထားသင့်သကဲ့သို့ စာပေတိုက်မှ တာဝန်ရှိသူများကလည်း 'တိုက်သုံးဟန်' သဘော စောကြော၍ အဂတိတရားကင်းရန် အရေးကြီးကြောင်း မီးမောင်းထိုးပြရပေသည်။

## မျောက်ကျောက်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**စစ်ကိုင်း စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သည် မျောက်ကျောက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းအစည်းအဝေးကို သြဂုတ် ၂၆ ရက် မွန်းလွဲပိုင်းက မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာမြင့်ကျော်က မျောက်ကျောက်ရောဂါအကြောင်းနှင့် ကာကွယ်ထိန်းချုပ်ရေး၊ ကုသရေးလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်နှင့် မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက မျောက်ကျောက်ရောဂါကာကွယ်ထိန်းချုပ်ရေး၊ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ တက်ရောက်လာသူများက မျောက်ကျောက်ရောဂါကာကွယ်ထိန်းချုပ်ရေး၊ ကုသရေးလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ဌာနများအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း မျောက်ကျောက်ရောဂါ ဖြစ်ပွားလာပါက ကာကွယ်ထိန်းချုပ်ရေး၊ ကုသရေးလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ အကြံပြုဖြည့်စွက်ဆွေးနွေးကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၃၉၄)**



## စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ၂နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များမှ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင်အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသွားမည်ဖြစ်ရာ ပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၌ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပသွားမည့်အပြင် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ အဆင့်မြင့်ကျောင်းများ၊ တက္ကသိုလ်များမှ ပူးပေါင်း၍ ပြခန်းများ ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီများ လုပ်ငန်းကော်မတီများ ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများအောင်မြင်ရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

ကျောက်ဆည်ခရိုင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်တွင် အထက်တန်းအဆင့် ကျယန်း၊ ဉာဏ်စမ်းပဟေဠိ၊ ပန်းချီပြိုင်ပွဲများ၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ပုံပြော၊ ကာတွန်းပြိုင်ပွဲများ၊ မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲများအပြင် ဖျော်ဖြေရေးအစီအစဉ်များ၊ စက်မှု၊ လက်မှုပြခန်းများ၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲများ ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၈၅)**



## ဒန့်သလွန်ပင် စိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရရှိ

**မကွေး စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ ဒန့်သလွန်ပင်စိုက်ပျိုးခြင်းက အပိုဝင်ငွေရှိနေကြပြီး အသီးလှိုင်လှိုင်ရရှိချိန် အရောင်းအဝယ်လိုက်နေကြောင်း ဒန့်သလွန်ပင်ပိုင်ရှင်များထံက သိရသည်။

လက်ရှိကုန်စိမ်းဈေးကွက်၊ ရန်ကုန်နှင့်နယ်မြို့နယ်အချို့သို့ ပို့ဆောင်ရောင်းသော ပွဲစားကုန်စိမ်းသည်များက ဝယ်ယူနေကြပြီး ဈေးအနေနှင့် ဒန့်သလွန်သီး အသီးတစ်ရာလျှင် ငွေကျပ် ၁၅၀၀၀ ကမှ ၁၇၀၀၀အထိ ရောင်းရသည်။

ယခင်နှစ်ကာလတူတွင် ဒန့်သလွန်သီးတစ်ရာလျှင် ငွေကျပ် ၁၀၀၀၀ ရှိကြောင်း မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်က ဒန့်သလွန်ပင်ပိုင်ရှင်အမျိုးသမီးတစ်ဦးထံမှ သိရသည်။**(အပေါ်ပုံ)**

အညာဒေသတွင် ဒန့်သလွန်ပင်သည် မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်ပြီး အပင်စိုက်ပြီး နှစ်နှစ်တွင် ခူးဆွတ်နိုင်ကာ တစ်ပင်လျှင် အသီးနှစ်ရာခန့် ထွက်ရှိကာ တစ်မိသားစုဟင်းစားရသည့်အပြင် အပင်အရေအတွက်များများ စိုက်ပါက တွက်ခြေကိုက်ဝင်ငွေရကြောင်း သိရသည်။

**(၄၇၂)**

## ဘုရားပန်းမျိုးစုံ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချရသူများ နေ့စဉ် မိသားစုအပိုဝင်ငွေရရှိ

**ပွင့်ဖြူ စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် အညာကျေးလက်ဒေသများတွင် ဒေသခံတောင်သူများက မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ သီးနှံအပိုဝင်ငွေရရှိစေရန် မုန်းချောင်းရေနှင့် မြေအောက်ရေကို အမှီပြုပြီး တစ်နိုင်တစ်ပိုင် ဘုရားပန်းမျိုးစုံ စိုက်ပျိုးလုပ်ကိုင်ကြသူများ အောင်မြင်ဖြစ်ထွန်းပြီး နေ့စဉ်မိသားစုဝင်ငွေရရှိ၍ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ဒေသက စိုက်ပျိုးရေအဆင်ပြေတော့တစ်နှစ်ပတ်လုံးစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် တချို့တောင်သူတွေက နေ့စဉ် ဝင်ငွေရရှိတဲ့ ဘုရားပန်းစိုက်ပျိုးရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။

ဘုရားပန်းတွေက ဂန္ဓမာပန်း၊ သပြေပန်း၊ ရွက်လှပန်း၊ မေမြို့ပန်း၊ ကံ့ကော်ပန်း၊ သစ္စာပန်း၊ စံပယ်ပန်း၊ ပန်းထိမ်ငုံပန်း၊ နှင်းဆီပန်းစတဲ့ ဘုရားပန်းတွေကို စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးထွက်ရှိတဲ့ ဘုရားပန်းတွေကိုတော့ ပွင့်ဖြူမြို့မဈေးနဲ့ကျေးလက်စည်ပင်ဈေးတွေမှာ ကိုယ်တိုင်သွားရောက်ပြီး ရောင်းချကြသလို တစ်ဆင့်ပြန်ရောင်းတဲ့ ဈေးသည်တွေကိုလည်း ရောင်းချပါတယ်။ တစ်ရက်ကို ဘုရားပန်းရောင်းရငွေကျပ် ၃၅၀၀၀ မှ ၅၀၀၀၀ ကျပ်အထိ ရောင်းချရပါတယ်။ဒါ့ကြောင့် ကျွန်တော်တို့ဒေသက ဘုရားပန်းစိုက်ပျိုးကြသူတွေ နေ့စဉ်ဝင်ငွေရရှိပြီး လုပ်ငန်းအဆင်ပြေကြပါတယ်"ဟုပွင့်ဖြူမြို့နယ်သာစည်ကျေးရွာမှတစ်ပိုင်တစ်နိုင် ဘုရားပန်းစိုက်ပျိုးလုပ်ကိုင်သည့် ဒေသခံတောင်သူတစ်ဦးက ပြောသည်။



ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေအဆင်ပြေသည့်အတွက် တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးပွားစေရန် ဘုရားပန်းမျိုးစုံ စိုက်ပျိုးရေးလုပ်ငန်းအပြင် ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ထိုသို့ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရာ၌ စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ ပြည်သူများ အစားအစာဘေးကင်းလုံခြုံစေရေး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စိုက်ပျိုးရေးနည်းစနစ်ဖြင့် စနစ်တကျ စိုက်ပျိုးကြ၍ ထွက်ရှိလာသော သီးနှံများမှာ သန့်ရှင်းလတ်ဆတ်မှုရှိသည့်အပြင် တာရှည်ခံသည့်အတွက် ဈေးကွက်၌ အရောင်းအဝယ်ကောင်းမွန်နေပြီး ဒေသခံတောင်သူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ) (၄၄၅)**

## ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

**သရက် စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ထုံးတောင်ကျေးရွာအုပ်စု၊ ထုံးတောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ထုံးတောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ရက်အတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထုံးတောင်ကျေးရွာ၌ အရှည်ပေ ၅၅၀၊ အကျယ် ၁၂ပေ၊ အမြင့် ၆ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၅သိန်း၊ စုစုပေါင်းငွေကျပ် ၁၆၅သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် သြဂုတ် ၁၃ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၅ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဆက်လှ**

# (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (ACDFM-21) ကျင်းပပြုလုပ်




နေပြည်တော် စက်တင်ဘာ ၅

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များ အစည်းအဝေး(21st ASEAN Chiefs of Defence Forces Meeting-21st ACDFM) ကို ယနေ့နံနက်ပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ Latsavong Wanda Vista Hotel ၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အဆိုပါ အစည်းအဝေးသို့ မြန်မာ့တပ်မတော်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး ဦးဆောင်တက်ရောက်ပြီး ဆက်စပ်အစည်းအဝေးများဖြစ်သည့် (14th ASEAN Military Operations Meeting-14th AMOM) သို့ တက်ရောက်လျက်ရှိသည့် စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော် ထောက်လှမ်းရေးမှူးချုပ် များ အစည်းအဝေး (21st ASEAN Military Intelligence Meeting-21st AMIM)သို့ တက်ရောက်လျက်ရှိသည့် ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မင်းသူနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဦးစွာ (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (21st ACDFM) ဥက္ကဋ္ဌ လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Khamlieng Outhakaisone က တက်ရောက်လာကြသည့်အာဆီယံတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များနှင့် အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ပြီး(အပေါ်ပုံ) အဖွင့်မိန့်ခွန်း ပြောကြားသည်။


ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songwit Noonpackdee တို့ တွေ့ဆုံဆွေးနွေးစဉ်။

**ဖတ်ကြားတင်ပြ**

ယင်းနောက် (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော် ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (21st ACDFM) ဥက္ကဋ္ဌ လာအို အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန စစ်ဘက်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် Brigadier General Bouavanh Athanaxay နှင့် (၁၄)ကြိမ်မြောက် အာဆီယံတပ်မတော် စစ်ဆင်ရေးမှူးချုပ်များအစည်းအဝေး (14th AMON) ဥက္ကဋ္ဌ လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးဌာန စစ်ဆင်ရေးဌာနအကြီးအကဲ Major General Kongthong Soukhavong တို့က အစည်းအဝေးရလဒ်များကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့်အာဆီယံနိုင်ငံတပ်မတော်များမှ ကာကွယ်ရေးဦးစီးချုပ်များနှင့် ကိုယ်စားလှယ်များက "အာဆီယံ-ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ကြံ့ကြံ့ခိုင်ရင်ဆိုင်နိုင်ရေး တို့အတွက် လက်တွဲဆောင်ရွက်ခြင်း (ASEAN-Together for Peace, Security and Resilience)" ခေါင်းစဉ်ဖြင့် နိုင်ငံအလွှာရာစဉ်အလိုက် အသီးသီး ပါဝင်ဆွေးနွေးကြသည်။

မြန်မာ့တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက အာဆီယံ၏ အဓိကရည်မှန်းချက်နှင့် လုပ်ဆောင်ချက်များကို တွန်းအားပေး မီးမောင်းထိုးပြနေသည့် "အာဆီယံ-ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ကြံ့ကြံ့ခိုင်ရင်ဆိုင်နိုင်ရေး တို့အတွက် လက်တွဲဆောင်ရွက်ခြင်း (ASEAN-Together for Peace, Security and Resilience)" ခေါင်းစဉ်ဖြင့် အသေးစိတ်ဆွေးနွေး ပြောကြားသည်။

ဆက်လက်ပြီး အာဆီယံ တပ်မတော်များ၏ နှစ်နှစ်တာ လုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၆) {Two Years Work Plan (2024-2026} ကို အတည်ပြုခြင်း၊ 21st ACDFM ၏ပူးတွဲကြေညာချက် Joint Statement အား အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြပြီး ပူးတွဲကြေညာချက် Joint Statement ကို အတည်ပြုလက်မှတ် ရေးထိုးကြသည်။

ယင်းနောက် 21st ASEAN Chiefs of Defence Forces Meeting (21st ACDFM) ဥက္ကဋ္ဌ လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာန အကြီးအကဲက အပိတ်မိန့်ခွန်းပြောကြားကာ (၂၂)ကြိမ်မြောက် အာဆီယံတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များ အစည်းအဝေး (22nd ACDFM) အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ဥက္ကဋ္ဌတာဝန်များနှင့် အာဆီယံတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး၏ အလံ (ACDFM Flag) တို့ကို လွှဲပြောင်းပေးအပ်ကြပြီး အစည်းဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

**သီးခြားစီတွေ့ဆုံ**

ယင်းနောက် မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးသည် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songwit Noonpackdee၊ ဗီယက်နမ် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဗီယက်နမ် ပြည်သူ့တပ်မတော် စစ်ဦးစီးအရာရှိချုပ် Senior Lieutenant General Nguyen Tan Cuong နှင့် ကမ္ဘောဒီးယားဘုရင့်တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် General Vong Pisen တို့နှင့် သီးခြားစီ Bilateral Meeting များ တွေ့ဆုံခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။ စာမျက်နှာ ၃ သို့

## AFC Club Licensing Regulations ပိုင်းအား လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး ပြုလုပ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ် ကော်မတီမှ ကြီးမှူးကျင်းပသော မြန်မာနေရှင်နယ်လိဂ်-၁၊ မြန်မာနေရှင်နယ်လိဂ်-၂ နှင့် မြန်မာ အမျိုးသမီးလိဂ် အမှတ်ပေး ဘောလုံးပြိုင်ပွဲများတွင် အာရှဘောလုံးအဖွဲ့ချုပ်(AFC)မှ လမ်းညွှန်ချမှတ်ထားသော AFC Club Licensing Regulations ပိုင်းအား လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ပတ်သက်၍ ပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၅ ရက် နေ့လယ်ပိုင်းက သုဝဏ္ဏဘောလုံးကွင်း အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်း၊ MFF ကလပ်လိုင်စင်ဆိုင်ရာ ပဏာမစစ်ဆေးရေးအဖွဲ့(FIB)ဥက္ကဋ္ဌ ဦးတင်အောင် (ဂိုး)၊ အယူခံကော်မတီ (AB)ဥက္ကဋ္ဌ ဦးလှရွှေလေး၊ ကလပ်လိုင်စင်ဆိုင်ရာ ပဏာမစစ်ဆေးရေးအဖွဲ့ဝင်များဖြစ်သည့် ဦးဇော်မင်းစိန်၊ ဦးရဲဝင်းအောင်၊ MFF နည်းစနစ်ဒါရိုက်တာ Mr. Mita Michiteru၊ MFF ကလပ်လိုင်စင်မန်နေဂျာ ဦးမိုးသွင်ထွန်း၊ ဒေါ်ဝင်းလဲ့ဖြူ (MA Club Licensing Manager)နှင့် ကလပ်အသင်းများမှ အသင်းမန်နေဂျာများ၊ ကလပ် Licensing Officer များနှင့် အသင်းတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။



အစည်းအဝေးတွင် အာရှဘောလုံးအဖွဲ့ချုပ်မှ လမ်းညွှန်ချမှတ်ထားသော AFC Club Licensing Criteria များအား မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများ Online System ဖြင့် လိုက်နာဖြည့်ဆည်းဆောင်ရွက်ရမည့် အကြောင်းအရာများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဆွေးနွေးပြောဆိုမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (NGB)